# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၈)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## လယ်ယာသုံး ပစ္စည်းကိရိယာများ၏စက်စွမ်းရည် လက်တွေ့သရုပ်ပြသပွဲသို့ တက်ရောက်ကြည့်ရှု

## တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၊ လယ်ယာလုပ်ငန်းခွင်အခြေအနေများမေးမြန်းကာ အားပေးစကားပြောကြား

နေပြည်တော် ဇွန် ၂၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ၎လိုက်ဆည်ရေသောက်စနစ် ညောင်ပင်ကြီးစု တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း၌ ကျင်းပသည့် လယ်ယာသုံး ပစ္စည်းကိရိယာများ၏ စက်စွမ်းရည် လက်တွေ့သရုပ်ပြသပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း၌ ခင်းကျင်းပြသထားသည့် လယ်ယာသုံး ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆိုပါ လက်တွေ့သရုပ်ပြသပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ ကူဘိုတာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Siam Kubota Company(SKC) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကူဘိုတာအရောင်းကိုယ်စားလှယ် ဂွတ်ဘရားသားကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ညောင်ပင်ကြီးစုကျေးရွာမှ တောင်သူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၆ နာရီခွဲတွင် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းသို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ကူဘိုတာ (Kubota) ကုမ္ပဏီက ထုတ်လုပ်သော ကူဘိုတာစပါးရိတ်သိမ်းခြွေလှေ့စက် (Combine Harvester)၊ မြင်းကောင်ရေ ၉၅ ကူဘိုတာ ထွန်စက်၊ မြင်းကောင်ရေ ၄၇ ကူဘိုတာထွန်စက်၊ မြင်းကောင်ရေ ၂၄ ကူဘိုတာထွန်စက်၊ ထွန်စက်နှင့် တွဲဖက်အသုံးပြုရသည့် ကိရိယာများ၊ ကူဘိုတာလက်တွန်းထွန်စက်နှင့် လေးတန်းစိုက် ကူဘိုတာကောက်စိုက်စက်တို့ကို ကြည့်ရှုစစ်ဆေးရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စပါးစိုက်ကွင်းအတွင်း မြင်းကောင်ရေ ၄၇ ကူဘိုတာထွန်စက်ကို ခါးစက်ဖြင့်တွဲဖက်၍ စိုက်တမန်းပြုပြင်မှု၊ မြင်းကောင်ရေ ၈၅ ကူဘိုတာထွန်စက်ကြီးဖြင့် ဧကကွက်ကြီးများကို မြေယာပြုပြင်မှု၊ ကူဘိုတာထွန်စက်ကြီးဖြင့် ထွန်ယက်ပြီး ဧကကွက်များအား *စာမျက်နှာ ၈ ကော်လံ ၁* ✳

*စာမျက်နှာ ၈ ကော်လံ ၁*



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ညောင်ပင်ကြီးစု တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း၌ ကျင်းပသည့် လယ်ယာသုံး ပစ္စည်းကိရိယာများ၏စက်စွမ်းရည် လက်တွေ့သရုပ်ပြသပွဲသို့ တက်ရောက်လာကြသည့် ညောင်ပင်ကြီးစုကျေးရွာမှ တောင်သူများအား လယ်ယာလုပ်ငန်းခွင် အခြေအနေများကို မေးမြန်းဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၂၉ ရက်)

# ပထမအရွယ်မှစ၍ . .

ကျွန်ုပ်တို့လူသားများသည် နေ့စဉ်နှင့်အမျှ စားရေး၊ ဝတ်ရေး၊ နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ ထို့ထက်ပို၍လူတန်းစေ့နေနိုင်ရေး၊ ကြီးပွားချမ်းသာရေး၊ လျှူနိုင်တန်းနိုင်ရေးအတွက် ကြိုးစားကြသည်ကို တွေ့ရ၏။ လူသားအားလုံး၏ ပထမအရေးအကြီးဆုံးမှာ နေရေး၊ စားရေးဖြစ်သည်။ ထိုထက်စီးပွားရေးအရင်းအနှီးရှိလျှင် ကြီးပွားချမ်းသာရန်နှင့် လူမှုရေးလုပ်ငန်းများတွင် တိုးတက်လုပ်ဆောင်ရန်သာရှိ၏။

သို့စေကာမူ လူအများစု၏သဘောဆန္ဒသည် ကြီးပွားချမ်းသာလိုကြသည်။ ထင်ပေါ်ကျော်ကြားအောင်မြင်သူများ ဖြစ်လိုကြသည်။ ဝင်ငွေကောင်းစီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လိုကြသည်။ ထိုထိုသောအကြောင်းတရားများ ဖြစ်ထွန်းရရှိရန်ကား ပထမအရွယ်ကတည်းက စတင်ကြိုးစားရမည်ဖြစ်သည်။ ပထမအရွယ်၌ ကြိုးစားအားထုတ်ခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်၏။

လူတို့တွင် ပထမအရွယ်၊ ဒုတိယအရွယ်နှင့် တတိယအရွယ်ဟူ၍ရှိ၏။ ထိုအရွယ်သုံးပါးတို့တွင် အသက်အရွယ်အလိုက် ကြိုးစားအားထုတ်ကြရ၏။ ''ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ်စီးပွားရှာ၊ တတိယအရွယ်တရားရှာ''ဟူသော စကားရှိ၏။ ပထမအရွယ်တွင် ကြိုးစားရမည်ကို ဒုတိယအရွယ်ရောက်မှ ကြိုးစားလျှင် အောင်မြင်သင့်သလောက် မအောင်မြင်ဘဲရှိတတ်သည်။ ထိုနည်းလည်းကောင်းပင် ဒုတိယအရွယ်တွင် ကြိုးစားရမည့်စီးပွားရှာခြင်းကို တတိယအရွယ်ရောက်မှ ကြိုးစားလျှင် အောင်မြင်တိုးတက်မှုရမည့် အခွင့်အလမ်း နည်းပေလိမ့်မည်။

တစ်ဖန် ပထမအရွယ်ရောက်နေသူများသည် ဒုတိယအရွယ်တွင် လုပ်ရမည့် စီးပွားရှာခြင်းအလုပ်ကို လုပ်မိသဖြင့် ပညာရေးတွင် စိတ်ဝင်စားမှုအားနည်းကာ ရှုံးနိမ့်ခြင်းဖြစ်တတ်၏။ ထို့ကြောင့် ပထမအရွယ်မှစ၍ ပညာကို ကြိုးစားခြင်းသည် အကောင်းဆုံးဖြစ်သည်။ ပညာကို အပတ်တကုတ်ကြိုးစားသဖြင့် ပညာတတ်များဖြစ်လာမည်။ ပညာတတ်ဖြစ်လာခြင်းကြောင့် ဒုတိယအရွယ်ရောက်သည့်အခါ စီးပွားကို လွယ်ကူစွာ ရှာနိုင်ပြီး ဘဝကိုလွယ်ကူချောမွေ့စွာ ဖြတ်သန်းနိုင်မည်ဖြစ်သည်။ ပထမအရွယ်ပညာသင်ချိန်တွင် ပညာကို ပြင်းပြင်းထန်ထန် ကြိုးစားမှုမရှိခြင်းကြောင့် ဒုတိယအရွယ်ရောက်သည့်အခါ ဆင်းရဲပင်ပန်းကြီးစွာ အလုပ်လုပ်ရတတ်၏။ ပညာကို ကြိုးစားသည်ဆိုရာတွင်လည်း ကြိုးစားမှုအနေအထားအပေါ်မူတည်၍ အောင်မြင်မှုမှာလည်း ကွာခြားမှုရှိသေး၏။ များများကြိုးစားမှ များများအောင်မြင်မည်ဖြစ်၏။ နည်းနည်းကြိုးစားလျှင် နည်းနည်းသာ အောင်မြင်မည်ဖြစ်သည်။ များများအောင်မြင်မှုရရှိရန် များများကြိုးစားသင့်၏။

ထိုကြိုးစားအားထုတ်မှုအပေါ်မူတည်၍ ဒုတိယအရွယ်ရောက်သည့်အခါ အကျိုးပေးပုံချင်းမှာလည်း ကွာသေး၏။ ပထမအရွယ်မှစတင်ကာ လုံ့လပြု၍ ကြိုးစားအားထုတ်ခြင်းကြောင့် ဒုတိယအရွယ်ရောက်သည့်အခါ အလုပ်အကိုင်ကောင်းကောင်းရနိုင်၏။ ရာထူးကောင်းကောင်းရနိုင်၏။ ပထမအရွယ်တွင် သာမန်ကြိုးစားအားထုတ်ခြင်းကြောင့် သာမန်အလုပ်အကိုင်မျှသာ လုပ်ရတတ်သည်။ ဝင်ငွေကောင်းခြင်း၊ အောင်မြင်ကျော်ကြားခြင်းတို့မှာလည်း နည်းပါးတတ်၏။

သို့ဖြစ်၍ လူငယ်လူရွယ်တို့သည် ဘဝတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာ အသက်ရှင်နေထိုင်ရေးသည် ပထမအရွယ်မှစ၍ ပညာသင်ကြားခြင်းအလုပ်ကို ဖိဖိစီးစီး ကြိုးစားအားထုတ်သင့်၏။ ပထမအရွယ် အပင်ပန်းခံ ကြိုးစားအားထုတ်လိုက်ခြင်းကြောင့် ကြီးပွားချမ်းသာခြင်းကိုလည်း ရနိုင်သည်။ ဂုဏ်သတင်းကျော်စောမှုကိုလည်း ရနိုင်သည်။ ထို့ကြောင့် လူငယ်လူရွယ်တိုင်း ပထမအရွယ်မှစ၍ ကြိုးစားကြပါလေကုန်။ ။

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၈

ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက်က ဒေါပုံမြို့နယ် အထက(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါပုံမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲအုပ်အောင်ကျော်ဆင့်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ ဒေါပုံမြို့နယ် ဒုတိယဥပဒေအရာရှိ ဒေါ်နွယ်နီဝင်းသူက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးနှင့် ဥပဒေဆိုင်ရာများ၊ ဒုတိယမြို့နယ်တရားသူကြီး ဦးအောင်ခိုင်မိုးက မူးယစ်ဆေးဝါးဥပဒေနှင့်အညီ အရေးယူနိုင်သည့်အကြောင်းများ၊ လက်ထောက် မြို့နယ်ဆရာဝန် ဒေါက်တာခင်နွေးနွေးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆေးပညာဆိုင်ရာများနှင့် ရန်ကုန်တိုင်းဒေသကြီး မူးယစ်(အထူး)အဖွဲ့မှ ဒုတိယရဲအုပ်နေလင်းဦးက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးရေးနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောကြကြောင်း သိရှိရသည်။ **(ဝ၅၁)**





## မုဒုံမြို့၌ သဘင်သက်ကြီးပူဇော်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၈

မွန်ပြည်နယ် မုဒုံမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး၏ (၁၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၅ ရက်က မြို့နယ်သဘင်ရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မုဒုံမြို့နယ်သဘင်ပညာရှင်များအစည်းအရုံးဝင်များက သဘင်သက်ကြီးပညာရှင် ၁၂ ဦးတို့အား လှူဖွယ်ပစ္စည်းနှင့် ထောက်ပံ့ငွေများကို ချီးမြှင့်ကြပြီး မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးရဲခွေးက သြဝါဒစကားပြောကြားသည်။

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပရာ သဘာပတိအဖြစ် မုဒုံမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးထွန်းကြည်က ဆောင်ရွက်ပြီး မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ နှစ်ပတ်လည်အစည်းအဝေး အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကာ ၂၀၁၁-၂၀၁၂ ခုနှစ် အရအသုံးဆိုင်ရာ ဝင်ငွေထွက်ငွေတို့ကို အမှုဆောင် ဒေါ်ချိုနွယ်ဝင်းက ဖတ်ကြားရှင်းလင်း တင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

တပ်ကုန်း ဇွန် ၂၈

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် ကွင်းဆင်းအခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ နေပြည်တော်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးချောင်းကျေးရွာအုပ်စု ကျောင်းရွာသို့ ဇွန် ၂၈ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုပြီး ကျေးရွာတောင်သူလယ်သမားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၁)**

## မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင်သားသမီးများအား ကျောင်းဝတ်စုံနှင့် ပညာသင်စရိတ်ထောက်ပံ့

မော်လမြိုင် ဇွန် ၂၈

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၏ တပ်ဖွဲ့ဝင်မိသားစုများအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်စရိတ်၊ ကျောင်းသုံးစာရေးကိရိယာနှင့် ဝတ်စုံထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက်က မော်လမြိုင်မြို့ မြို့မရဲတပ်ဖွဲ့စခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ရွှေက တပ်ဖွဲ့ဝင် သားသမီးများအား ထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် တက္ကသိုလ်အဆင့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်တစ်သောင်းကိုလည်းကောင်း၊ အထက်တန်းအဆင့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်ရှစ်ထောင်ကိုလည်းကောင်း၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်ခုနစ်ထောင်ကိုလည်းကောင်း၊ မူလတန်းအဆင့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်ငါးထောင်ကိုလည်းကောင်း ကျောင်းသား ကျောင်းသူ ၁၇ ဦး အတွက် စုစုပေါင်းငွေကျပ် ၁၁၈၀၀၀ နှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာတို့ အတွက် ငွေကျပ်နှစ်သိန်းကျော် ထောက်ပံ့ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၀၇)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး တိုက်ကြီးမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

တိုက်ကြီး ဇွန် ၂၈

တိုက်ကြီးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန် အေးဒိစ်ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းတစ်ခုဖြစ်သည့် ပိုးလောက်လမ်းနှိမ်နင်းရေး ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက် နံနက် ၇ နာရီက တိုက်ကြီးမြို့ပေါ် ရှစ်ရပ်ကွက်အတွင်း၌ တစ်ပြိုင်တည်းပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ပြုံး၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဝေနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရပ်ကွက်များအတွင်း နေအိမ်များရှိ သောက်ရေ၊ သုံးရေအိုးများ၊ ဘုရားပန်းအိုးများအတွင်း ပိုးလောက်လမ်းရှိ မရှိ စစ်ဆေးခြင်း၊ ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများနှင့်ကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**



## ကျို့ပင်ကောက်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျို့ပင်ကောက် ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျို့ပင်ကောက်မြို့နယ် အနောက်မြောက်ရပ်ကွက် ဘုရင့်နောင်လမ်းဘေး ဝဲယာတွင် ဇွန် ၂၃ ရက်နံနက် ၇ နာရီက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ခရေမဟော်ဂနီ၊ ယူကလစ်၊ မဲဇလီနှင့် ရေတမာ ပျိုးပင်စုစုပေါင်း ၁၅၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**(အောက်ပုံ) (မြို့နယ် သစ်တော)**



**သွေးသည်အသက်**

## ကလေးဝမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကလေးဝ ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ကလေးဝမြို့ အားကစားကွင်းအနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်၊ ကလေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပျိုးပင်များကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပျိုးပင်ကိုးမျိုးနှင့် စုစုပေါင်းပျိုးပင် ၅၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**(ခရိုင် သစ်တော)**

## ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

မန္တလေး ဇွန် ၂၈

မန္တလေး ရတနာပုံတက္ကသိုလ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် ညနေ ၄ နာရီက အဆိုပါတက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပရာ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဘောလုံးပြိုင်ပွဲ ပွဲဦးထွက်အဖြစ် အုပ်စု(က)မှ လက်ရှိချန်ပီယံ ဓာတုဗေဒအသင်းနှင့် အင်္ဂလိပ်စာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ ဓာတုဗေဒအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲအပြီးတွင် အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည် ညွှန်ကြားရေးမှူးချုပ်ဒိုင်း တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရှိရသည်။ **(ပညာရေး)**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အခြေခံယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၆)တွင် တက်ရောက်လျက်ရှိသော သင်တန်းသားများအား ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက အလုံမြို့နယ် မော်တော်ယာဉ်ဌာနခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့နယ်မြေ(၃)မှူး ဒုတိယရဲမှူးမြင့်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သောအဖွဲ့

## ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၂၈**

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးဘုန်းဆွေ၊ ဦးကျော်ကျော်ဝင်းနှင့်အဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း(၁၅)ဖွဲ့မှ ကိုယ်စားလှယ်များနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် စစ်တွေမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြသည်။

**ပေးအပ်**

ယင်းသို့ထွက်ခွာပြီးနောက် အလယ်သံကျော်ကျေးရွာ၊ မောရဝတီကျေးရွာနှင့် မောင်တောမြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့လှည့်လည်ကြည့်ရှု၍ လက်ရှိဆောင်ရွက်လျက်ရှိသော ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာသော ပြည်သူများ၏အခြေအနေ၊ ၎င်းတို့၏ ဆန္ဒသဘောထား၊ နိုင်ငံတော်မှ ဆက်လက်ဆောင်ရွက်ပေးမည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ တစ်နိုင်ငံလုံးရှိ ပြည်သူများ၏ အကူအညီများအပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီတို့ကိုပါ ရယူ၍ ဆောင်ရွက်နေပုံတို့ကို ရှင်းလင်းပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိနေသောပြည်သူများ၏ လတ်တလောအဓိက လိုအပ်ချက်နှင့် အခက်အခဲများကို မေးမြန်း၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ရှင်းလင်းပြောကြားရာ၌ ပျက်စီးဆုံးရှုံးမှုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစမှအဆုံး စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးနိုင်မှသာ ၎င်းတို့ဘဝ ပုံမှန်ပြန်လည်ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ နေစရာ အမိုးအကာ၊ စားစရာအစားအစာ၊ သောက်သုံးရေနှင့် အိမ်သာ၊ အဝတ်အထည်နှင့် နေရာထိုင်ခင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်မှု၊ ကလေးများအတွက် ကာကွယ်စောင့်ရှောက်ရေးနှင့် ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး စသည့် လိုအပ်ချက်ပေါင်းများစွာကို ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့်အပြင် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ဖြစ်ပေါ်ခဲ့သော စိတ်နာကျင်ခံစားရမှုများကိုလည်း ပပျောက်အောင် ရေရှည်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများပါရှိကြောင်း၊ ယခင်အတိုင်း ပုံမှန်ပြန်လည်လုပ်ကိုင် စားသောက်နိုင်အောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုပါရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း အလှူရှင်နိုင်ငံများ၏ အကူအညီရယူ၍ လူသားချင်းစာနာမှု အကူအညီများကို ပြည်သူများ၏ ဆန္ဒလိုလားချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းလေ့လာ ဆန်းစစ်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**မေးမြန်း**

ဆက်လက်၍ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)မှ ဌာနေတာဝန်ခံနှင့် အဖွဲ့ခေါင်းဆောင် Ms.Barbara Mazi က ရှင်းလင်းပြောကြားရာတွင် မိမိတို့အဖွဲ့တွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များပါရှိပါကြောင်း၊ ၎င်းတို့အဖွဲ့အစည်းများအနေနှင့် ဤဒေသတွင် နှစ်ပေါင်းများစွာ လူသားချင်းစာနာသည့် ကူညီပံ့ပိုးမှုများပေးအပ်ခဲ့ပါကြောင်း၊ အရေးကြီးဆုံးကပြည်သူလူထုထံလာရောက်၍ လေ့လာဆန်းစစ်ပြီး ဆောင်ရွက်ပေးသည်က အကောင်းဆုံးဖြစ်ပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဝိုင်းဝန်းဆောင်ရွက်ပေးမည်ဟု ကတိပေးနိုင်ပါကြောင်း၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့နှင့် ပူးပေါင်း၍ အမြန်ဆုံးကူညီလုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် လူမျိုး၊ ဘာသာခွဲခြားမှုမရှိဘဲ လိုအပ်မှုကို လိုအပ်ချက်အတိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပါကြောင်း၊ လိုအပ်ချက်ကို ပွင့်ပွင့်လင်းလင်းရှင်းရှင်းလင်းလင်းပြောပေးရန်လိုကြောင်း၊ အကူအညီပေးသည့်နေရာတွင် အချိန်အားဖြင့် ရက်ပိုင်း၊ လပိုင်းသာမကဆောင်ရွက်ပေးရမည်ဖြစ်၍ လိုအပ်ချက်များရှိလျှင် ပြည်နယ်အစိုးရဌာနများမှတစ်ဆင့် တင်ပြဆောင်ရွက်လျှင် ပို၍အကျိုးရှိမည် ဖြစ်ပါကြောင်း၊ လူသားချင်းခွဲခြားဆက်ဆံခြင်းမရှိဘဲ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြား၍ ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများ၏ လိုအပ်ချက်ကို ကျေးရွာအလိုက် မေးမြန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သောအဖွဲ့သည် မောင်တောမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများဖြစ်သော ပရဟိတအလိုတော်ပြည့် ကယ်ဆယ်ရေးစခန်း၊ အောင်မြေဗောဓိ ကယ်ဆယ်ရေးစခန်း၊ ဗဟိုကျောင်းကယ်ဆယ်ရေးစခန်းများသို့ သွားရောက်စစ်ဆေးကြည့်ရှု၍ ကယ်ဆယ်ရေးစခန်းများရှိပြည်သူများ၏ လိုအပ်ချက်များကို တွေ့ဆုံမေးမြန်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကာ မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ရှင်းလင်းပြောကြား

**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး မောရဝတီကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

### မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအကြံဉာဏ်ပေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းအား ယင်းရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



# ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဧည့်သည်အဖွဲ့များ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးစစ်သည်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စကုမာရဆွာမိသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးအား အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာမိုဟာမက် အလီ ဖာသိုလာဟီသည် နံနက် ၉နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး ဩဂုတ်လတွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးအစည်းအဝေးသို့ အီရန်သမ္မတက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဖိတ်ကြားသည့် ဖိတ်ကြားစာကို ပေးအပ်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ပါမောက္ခ တာကာရှိ ရှီရာရှိ ဦးဆောင်သော ဂျပန်ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁၂နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေး၌ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး၊ အားကစား၊ သတင်းနှင့် ယဉ်ကျေးမှုရေးရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်အတွက် စုံလင်စွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်ဖြန့်ချိ

**ရန်ကုန် ဇွန် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၀ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုရှည် ဒုတိယဆုရ ပုသိမ်အောင်သန်းဦး ရေးသားသည့် "အလင်းတံခါးဖွင့်သူများ၏ဘူမိနက်သန်" စာအုပ်ကို ဖြန့်ချိ ရောင်းချနေပြီဖြစ်သည်။

**ဆက်သွယ်ဝယ်ယူနိုင်**

အဆိုပါစာအုပ်ကို စာပေဗိမာန် စာအုပ်ဆိုင်အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း -၀၂-၆၂၉၃၁နှင့် မြို့နယ်များရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### မိုးသို့မှာခြွေ

☆ ဖြိုးဖြိုးဖြက်ဖြက်၊
လက်လက်လင်းလင်း၊ လျှပ်ရောင်ဝင်း၍
မိုးမင်းဒေဝါ၊ ထစ်ချုန်းကာဖြင့်
ရွာလိုက်စမ်းပါ ရွာစမ်းပါ။

☆ ရွာချိန်တန်က၊
ရွာမှသာလျှင်၊ တောင်စဉ်တောတန်း
စိမ်းလန်းစိုပြည်၊ ဤမြေကမ္ဘာ
သာရကာကျေး၊ သံချိုတေးနှင့်
ပျံ့မွှေးထုံသင်း၊ ပန်းစုံခင်းလိမ့်။

☆ ရွာချိန်တန်က
ရွာပြစမ်းလေ၊ လယ်ယာမြေလည်း
မိုးရေဖွေးဖွေး၊ ထွန်ရေးပြန့်ပြန့်
မျိုးသန့်ပျိုးရာ၊ ပျိုးပင်သာ၍
လယ်ယာမြေကြီး၊ ရွှေပင်သီးလိမ့်။

☆ သြော် မိုးနှင့်နွားသိုး၊
အစိုးမရ၊ ထိုကာလကို
ချေပစမ်းပါ၊ မိုးဒေဝါရယ်
ရွာသင့်ရွာက၊ မိုးလရာသီ
ခါမီချိန်ကောင်း၊ မြစ်ချောင်းအိုင်အင်း
ရေတွင်းရေကန်၊ ဆည်တမံတို့
ပြည့်လျှံဖြိုးဝေ၊ ရေအရင်းတည်
ရေသည်ပထမ၊ ပဓာနရေ
ဤမြေလောက အေးမြစေ။ ။

ဖိုးလေးလုံးသောင်းကိုကို

# နိုင်ငံတော်၏အမည်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ရေးသား၊ ပြောဆိုအသုံးပြုရေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသို့ အသိပေးအကြောင်းကြားထားခြင်းသတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ ပုဒ်မ ၂ တွင် "နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်ရမည် (The state shall be known as The Republic of the Union of Myanmar)" ဟု ပြဋ္ဌာန်းထားပါသည်။

နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၅ (ခ)တွင် နိုင်ငံရေးပါတီတစ်ရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဟု ပြဋ္ဌာန်းထားပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆(ဂ)ပါ " ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာရေး" ဆိုသည့် အချက်ကို ပါတီမှတ်ပုံတင်လျှောက်ထားစဉ်ကပင် ဝန်ခံချက်ပြုထားပြီး ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်(ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)သည် ထိုင်းနိုင်ငံတွင် ပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးညီလာခံ၌ ၁-၆-၂၀၁၂ ရက်နေ့က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံကို **Burma** ဟု သုံးနှုန်းပြောဆိုသွားကြောင်း မီဒီယာများမှ တွေ့မြင်ကြားသိရပါသည်။

နိုင်ငံတော်၏အမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည် (The state shall be known as The Republic of the Union of Myanmar)"ဟု ပြဋ္ဌာန်းထားပြီးဖြစ်၍ **Burma** ဟု သုံးနှုန်းပြောဆိုခွင့်မရှိပါ။ နိုင်ငံတော်၏အမည်ကို ရေးသားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (The Republic of the Union of Myanmar)"**ဟု အသုံးပြုကြရန်နှင့် ပြောဆိုရာတွင် **မြန်မာ (Myanmar)** ဟုသာ သုံးနှုန်းပြောဆိုသွားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၄/နငရ-မပတ(၁)/ကမရဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသို့ အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

သို့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)သည် ဥရောပခရီးစဉ်အတွင်း မိန့်ခွန်းများပြောကြားရာ၌လည်း မြန်မာနိုင်ငံကို **Burma** ဟုသာ သုံးနှုန်းပြောဆိုနေကြောင်း မီဒီယာများမှ ကြားသိရပြန်ပါသည်။

သို့ဖြစ်ပါ၍ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ (၅)နှင့်အညီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သို့ ၂၈-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၄/နငရ-မပတ (၁)/ကမရ ဖြင့် နိုင်ငံတော်၏အမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း သုံးနှုန်းရေးသား/ပြောဆိုရန် ထပ်မံအသိပေးအကြောင်းကြားလိုက်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဘားအံမြို့နယ်၌ နိုင်ငံသားကတ်ထုတ်ပေး

**ကော့ကရိတ် ဇွန် ၂၈**

ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမိုးကျော်သူညွှန်နှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနေ့ချင်းပြီး အခမဲ့ထုတ်ပေးခြင်းလုပ်ငန်းကို အိန္ဒုကျေးရွာအုပ်စု အောင်ရတနာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ရာ ကရင်ပြည်နယ် ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဇော်သောင်းနှင့် ဘားအံခရိုင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းတို့က ကြည့်ရှုစစ်ဆေးပြီး ရွာသူရွာသား ၁၆၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**



# အလွန်ရှားပါးသော သတ္တဝါမျိုးစိတ်သစ်များ နယူးဇီလန်နိုင်ငံ ရေအောက်လိုဏ်ဂူအတွင်း တွေ့ရှိ

**ဝယ်လင်တန်  ဇွန်  ၂၈**

နယူးဇီလန်နိုင်ငံ ကမ်းလွန်ရေအောက်ကြမ်းပြင်ရှိ ရှေးဟောင်းလိုဏ်ဂူတစ်ခုအတွင်းမှ အလွန်ရှားပါးသည့် ရေသတ္တဝါမျိုးစိတ်သစ်များကို ဩစတြေးလျ အဏ္ဏဝါဗေဒသုတေသနပညာရှင်များက ဇွန် ၂၈ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။ **(အပေါ်ပုံ)**

ဩစတြေးလျနိုင်ငံမှ ရေအောက်သုတေသနလေ့လာရေးအဖွဲ့တစ်ဖွဲ့သည် ရေအောက်လိုဏ်ဂူတစ်ခုဖြစ်သည့် နယူးဇီလန်တောင်ကျွန်း နီးလ်ဆင်မြို့ ကမ်းလွန်ရေအောက်ကြမ်းပြင်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ပီရာဆင်ရီရာဂင်လိုဏ်ဂူအတွင်း ဝင်ရောက်လေ့လာသုတေသနပြုခဲ့ကြခြင်းဖြစ်သည်။

အနက် ၅၈၂ ပေခန့်တွင်ရှိသော ၎င်းရေအောက်လိုဏ်ဂူအတွင်း ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ရှိခဲ့ဖူးသော ကျောရိုးမဲ့ သတ္တဝါမျိုးစိတ်သစ်များ၊ အလွန်ထူးဆန်းသောခရုများ၊ မျိုးစိတ်သစ်ရေအောက်တွားသွား သတ္တဝါများကို တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

**သွားလာလှုပ်ရှား**

အဆိုပါထူးဆန်းသောရေအောက် သတ္တဝါမျိုးစိတ်သစ်များသည် အရွယ်အစားအနေဖြင့် အရှည် ၆ မီလီမီတာမှ ၈ မီလီမီတာအထိရှိကြပြီး ခန္ဓာကိုယ်လုံးပတ်မှာ ၁ ဒသမ ၈ မီလီမီတာခန့်ရှိသည်။ အချို့မျိုးစိတ်သစ်များမှာ အစိမ်းရောင်ရှိသော်လည်း အချို့မှာ အရောင်အဆင်းမရှိကြချေ။ ၎င်းတို့သည် ကျောက်တုံးများပေါ်တွင် သွားလာလှုပ်ရှားလျက်ရှိကြသည်။ ၎င်းသတ္တဝါမျိုးစိတ်သစ်လေးများကို အသေးစိတ် လေ့လာသုတေသနများ ပြုလုပ်ရမည်ဖြစ်ကြောင်း ဩစတြေးလျ အဏ္ဏဝါဗေဒသုတေသနပညာရှင်များက ပြောကြားကြသည်။ **(အင်တာနက်)**

# တရုတ်အာကာသယာဉ် ရှန်ကျိုး-၉ လုပ်ငန်းများပြီးစီး၊ မြေပြင်သို့ ပြန်လည်ဆင်းသက်မည်

**ဟုတ်ဟော့  ဇွန်  ၂၈**



တရုတ်နိုင်ငံမှ ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူးတစ်ဦးအပါအဝင် အာကာသယာဉ်မှူးသုံးဦးလိုက်ပါသွားသည့် ရှန်ကျိုး-၉ အာကာသယာဉ်သည် အာကာသ၌ လုပ်ငန်းတာဝန်များ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်ရာ ဇွန် ၂၉ရက်တွင် မြေပြင်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဇွန် ၂၈ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

ရှန်ကျိုး-၉ အာကာသယာဉ်သည် တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယားဒေသ စီဇီဝမ်ဘန်နာစီရင်စုရှိ သတ်မှတ်နေရာသို့ ပြန်လည်ဆင်းသက်ရန်စီစဉ်ထားသည်။ သို့သော် ယင်းနေ့၌ ရာသီဥတုကောင်းမွန်မှသာ မြေပြင်သို့ပြန်လည်ဆင်းသက်နိုင်မည်ဖြစ်သည်။

အဆိုပါနေရာ အနီးဝန်းကျင်တစ်ဝိုက်တွင် ဇွန် ၂၇ ရက်မှစတင်ကာ မိုးရွာသွန်းမှုနှင့်လေပြင်းများတိုက်ခတ်နေခဲ့သော်လည်း ဇွန် ၂၈ ရက်၌ ရာသီဥတုအခြေအနေ ပြန်လည်တည်ငြိမ်လျက်ရှိနေသည်။ ရှန်ကျိုး-၉အာကာသယာဉ်ဆင်းသက်မည့်နေရာကို တရုတ်အာကာသယာဉ်စီမံကိန်းဗျူရိုမှ တာဝန်ရှိသူများက ဇွန်လဆန်းမှစတင်ကာ ရာသီဥတုပြောင်းလဲမှုများကို နေ့စဉ် ၂၄ နာရီပတ်လုံး စောင့်ကြည့်လေ့လာနေခဲ့သည်။ ရှန်ကျိုး-၉ အာကာသယာဉ်သည် အာကာသ၌ တန်ဂွန်-၁ အာကာသယာဉ်အစိတ်အပိုင်းမော်ကျူးတစ်ခုအပြင် တရုတ်နိုင်ငံမှလွှတ်တင်ထားသော အာကာသယာဉ်မော်ကျူးတစ်ခုတို့နှင့် အောင်မြင်စွာချိတ်ဆက်မှုများပြုလုပ်နိုင်ခဲ့သည်။ ရှန်ကျိုး-၉ အာကာသယာဉ်ဆင်းသက်မည့်နေရာမှာ တရုတ်နိုင်ငံမှ ယခင်ရှန်ကျိုးအာကာသယာဉ်များအားလုံး မြေပြင်သို့ဆင်းသက်ရာတွင် အသုံးပြုခဲ့သည့် နေရာလည်းဖြစ်သည်။ **(အင်တာနက်)**



# ကမ္ဘာ့အမြင့်ဆုံး အပျော်စီးချားရဟတ် နယူးယောက်မြို့အနီး၌ တည်ဆောက်မည်

**နယူးယောက်  ဇွန်  ၂၈**

**ကမ္ဘာ့အမြင့်ဆုံး အပျော်စီးချားရဟတ်ကြီးတစ်ခုကို နယူးယောက်မြို့အနီး၌ ယခုနှစ်နွေရာသီအကုန်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း နယူးယောက်မြို့အုပ်ချုပ်ရေးအရာရှိများက ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။**

အဆိုပါကမ္ဘာ့အမြင့်ဆုံး ချားရဟတ်ကြီးကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ လန်ဒန်အိုင်းအမည်ရှိ ကမ္ဘာကျော်အပျော်စီးချားရဟတ် **(ဝဲပုံ)**ကဲ့သို့ တည်ဆောက်သွားရန်စီစဉ်လျက်ရှိသည်။ ယခုလောလောဆယ်တွင် ၎င်းအပျော်စီးချားရဟတ်ကြီးကို တည်ဆောက်ရန် အမေရိကန်နိုင်ငံ ပလာဇာကတ်ပီတယ် လုပ်ငန်းစုနှင့် တည်ဆောက်ရေး သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။ ကမ္ဘာ့အမြင့်ဆုံးချားရဟတ်ကြီးကို တည်ဆောက်ရန် နယူးယောက်မြို့ စတီတန်ကျွန်းပေါ်ရှိ ကူးတို့ဆိပ်အနီး ကုန်းမြင့်ပေါ်၌ တည်ဆောက်ရန် နေရာရွေးချယ်ထားပြီးဖြစ်သည်။

၎င်းနေရာမှ နယူးယောက်မြို့ ဆိပ်ကမ်းနှင့် လေဘာတီရုပ်တုကြီး၏ မြင်ကွင်းအလှကို ကောင်းစွာမြင်တွေ့နိုင်သည်။ ၎င်းချားရဟတ်ကြီးကို အမြင့်ပေ ၆၀၀ အထိ တည်ဆောက်သွားမည်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မှုတစ်ရပ်အပြင် စီးပွားရေးအရ တွက်ခြေကိုက်ရန်အတွက်လည်း တည်ဆောက်ခြင်းဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ လန်ဒန်အိုင်းအမည်ရှိ ချားရဟတ်ကြီးသည် တစ်နှစ်လျှင် လာရောက် ချားရဟတ်စီးနင်းသည့် ဧည့်သည်ဦးရေမှာ ၃ ဒသမ ၅ သန်းကျော်ရှိပြီး ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၈-၆-၂၀၁၂

**တင်မောင်လွင် – စုစည်းသည်**

### ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ စားသောက်ကုန်စက်ရုံဖွင့်မည်

*ဆွစ်ဇာလန်နိုင်ငံမှ ကမ္ဘာ့အကြီးဆုံး စားသောက်ကုန်များထုတ်လုပ်သည့် နက်စ်တယ်(Nestle)ကုမ္ပဏီက ဒူဘိုင်းမြို့ရှိ ဒူဘိုင်းဝေါ်လ်စင်တာအနီးတွင် ကော်ဖီနှင့် အသင့်စားသုံးနိုင်သောအစားအစာများ အာဟာရစံနှုန်းမြင့်မားစွာထုတ်လုပ်မည့် စက်ရုံတစ်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ ဇွန် ၂၇ ရက်က ပြောကြားသည်။*

*မြေအကျယ်အဝန်းစတုရန်းမီတာ ၁၇၅၀၀၀ ရှိသော အဆိုပါစက်ရုံတည်ဆောက်မှုကြောင့် အာရပ်စော်ဘွားများပြည်ထောင်စုအတွက် လုပ်ငန်းအသစ်ပေါင်း ၈၀၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက ပြောကြားသည်။ ၎င်းစက်ရုံသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံတွင် စားသောက်ကုန်အများအပြား ထုတ်လုပ်သည့် ဒုတိယမြောက်စက်ရုံဖြစ်လာမည်ဖြစ်သည်။ ယင်းစက်ရုံ တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၁၃၆သန်း ကုန်ကျမည်ဖြစ်သည်။* **(ဆင်ဟွာ)**



### ဂျပန်အနောက်တောင်ပိုင်း၌ သုံးထပ်အဆောက်အအုံမီးလောင်

*ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမားမြို့တွင် ဇွန် ၂၇ ရက် နံနက်က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းသတင်းစာတစ်စောင်က ဖော်ပြသည်။ (အပေါ်ပုံ)*

*အဆိုပါမီးလောင်ပေါက်ကွဲမှုသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲခန့်က ကာဂိုရှီးမားမြို့ ရှီနီချီဒေသရှိ သုံးထပ်နေအိမ်အဆောက်အအုံတစ်လုံး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသတွင်း မီးသတ်သမားများက မီးကို နာရီဝက်ခန့်ကြာငြိမ်းသတ်ခဲ့ရကြောင်း၊ သို့သော်လည်း အဆောက်အအုံတစ်ခုလုံး ပျက်စီးသွားခဲ့ကြောင်း ယင်းသတင်းစာတွင် ဖော်ပြသည်။ အဆိုပါအဆောက်အအုံကို ဒေသခံတစ်ဦးက ပိုင်ဆိုင်ပြီး စားသောက်ဆိုင်နှင့် လူနေအိမ်အဖြစ် တွဲဖက်အသုံးပြုနေခြင်းဖြစ်သည်။ မီးငြိမ်းသတ်ပြီးနောက် အပျက်အစီးများအတွင်းမှ သေဆုံးသူနှစ်ဦးကို တွေ့ရှိခဲ့ပြီး အခြားဒဏ်ရာရသူလေးဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးထားသည်ဟု ဆိုသည်။ ဒေသတွင်းရဲတပ်ဖွဲ့က မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။* (ဆင်ဟွာ)

# ပါကစ္စတန်နိုင်ငံ၌ အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်

**အစ္စလမ္မာဘတ်  ဇွန်  ၂၈**



ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်နိုင်ငံအတွင်း အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဇွန် ၂၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မြောက်ဝါဇီရစ္စတန်ခရိုင် အထင်ကရမြို့ဖြစ်သည့် မီရန်ရှားမြို့အနောက်တောင်ဘက် ကီလိုမီတာ ၅၀ အကွာ ရှာဝါးဒေသအဆောက်အအုံတစ်ခုကို မောင်းသူမဲ့လေယာဉ်က ဒုံးကျည်နှစ်စင်းပစ်သဖြင့် ဇွန် ၂၆ ရက်ညက ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသည်။ မောင်းသူမဲ့လေယာဉ်များဖြင့် မတိုက်ရန် ပါကစ္စတန်အစိုးရက အကြိမ်ကြိမ်တားမြစ်သည့်ကြားမှ ယင်းသို့တိုက်ခိုက်ခြင်းဖြစ်သည်ဟုဆို၏။ **(ယာပုံ)** **(အင်တာနက်)**

## ဖောက်ခွဲရေး ခဲယမ်းပစ္စည်းများအား ဘာရိန်းရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိ

**မာနာ  ဇွန်  ၂၈**

ဘာရိန်းနိုင်ငံအတွင်း ရဲတပ်ဖွဲ့ဝင်များ၏ စီးနင်းမှုအချို့ပြုလုပ်ခဲ့ရာတွင် အဆင့်မြင့်ပေါက်ကွဲအားပြင်းဗုံးများ ထုတ်လုပ်ရေးပစ္စည်းကိရိယာ တန်ချိန်များစွာ ဖမ်းဆီးရမိကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက ဇွန် ၂၈ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း နေရာငါးနေရာခန့်၌ ရဲတပ်ဖွဲ့ဝင်များရှာဖွေစီးနင်းမှုတွင် ဖောက်ခွဲရေးသုံး ခဲယမ်းပစ္စည်း ငါးတန်ကျော်နှင့် ဓာတုဗေဒပစ္စည်းများ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်ဟု ဘာရိန်းပြည်သူ့လုံခြုံရေး ခေါင်းဆောင်ဟတ်ဆန်က ပြောကြားခြင်းဖြစ်သည်။

"သိမ်းဆည်းမိတဲ့ ဖောက်ခွဲရေးပစ္စည်းတွေဟာ ပေါက်ကွဲမှုပြင်းထန်ပြီး ထိခိုက်ပျက်စီးမှုများ အဖြစ်များစေရန် စနစ်တကျပြင်ဆင်ထားတာ တွေ့ရပါတယ်။ သေကျေပျက်စီးမှုများပြားအောင်၊ အဆောက်အအုံတွေ ပိုမိုပျက်စီးအောင် စီစဉ်ထားတာတွေ့ရပြီး ပြည်သူတွေကို ကြောက်လန့်တကြားဖြစ်စေမယ့် ပြင်းအားမြင့်ဗုံးတွေဖြစ်ပါတယ်" ဟု ဘာရိန်းပြည်သူ့လုံခြုံရေး ခေါင်းဆောင်ဟတ်ဆန်က ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

# မိုးသက်မုန်တိုင်းများဘေး တရုတ်အလယ်ပိုင်းနေ ပြည်သူ ၃၇၈၀၀၀ ကျော် ကြုံတွေ့နေရ

**ပေကျင်း  ဇွန်  ၂၈**

**တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ဇွန် ၂၅ ရက်မှစတင်ပြီး မိုးများသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို ပြည်သူ ၃၇၈၀၀၀ ကျော် ကြုံတွေ့ရလျက်ရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။** (အောက်ပုံ)



ယီတုမြို့တွင် စံချိန်တင်မိုးရေချိန် ၃၁၇ မီလီမီတာ ရွာသွန်းသည့် မုန်တိုင်းဖြစ်ပေါ်မှုကြောင့် ဒေသခံများကို ဘေးကင်းရာသို့ နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်နယ် ရေကြီးရေလွှမ်းမှုထိန်းသိမ်းကာကွယ်ရေးနှင့် မိုးခေါင်မှုဘေး ကယ်ဆယ်ရေး ဌာနချုပ်က သတင်းထုတ်ပြန်သည်။

ဟူဘေးပြည်နယ်အတွင်း မြို့များနှင့် စီရင်စုနယ်မြေပေါင်း ၁၃ ခုအတွင်း ပျက်စီးပြိုပျက်သည့် အိမ်ခြေ ၁၅၂ လုံးရှိခဲ့ပြီး စိုက်ပျိုးမြေ ၄၉၇၃၃ ဟက်တာ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ကောက်ပဲသီးနှံဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါ ဌာနချုပ်သတင်းအရ သိရသည်။

ယာဉ်သွားလမ်း ၃၀ ကျော် ပိတ်ဆို့မှုများဖြစ်နေပြီး မြစ်ကမ်းပါးနေရာ ၃၈ နေရာ ကမ်းပါးပြိုသွားခဲ့သည့်အတွက် ဒေသခံများသွားလာရေးအခက်အခဲ ဖြစ်လျက်ရှိသည်။ အင်းအိုင်ရေကန်ပေါင်း ၅၀ ကျော်နှင့် ရေလှောင်ကန်များရှိ ရေမှတ်မှာလည်း စိုးရိမ်ရေမှတ်ကို ကျော်လွန်နေလျက်ရှိသည်။ ယခု ဖြစ်ပေါ်ကျရောက်နေသည့် ဆိုးရွားစွာ မိုးရွာသွန်းမှုကြောင့် စီးပွားရေးအရ နစ်နာဆုံးရှုံးမှုသည် ယွမ်သန်းပေါင်း ၁၀၀ ကျော်ရှိသည်ဟုလည်း သက်ဆိုင်ရာက ခန့်မှန်းထားကြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# ကနီမြို့နယ် ရွာသာကျေးရွာ သုတရောင်ခြည်စာကြည့်တိုက်နှင့် နတ်ကြီးကျေးရွာ မြသွေးရွှေရည် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ရွာသာကျေးရွာ သုတရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ရက် နံနက်ပိုင်းတွင် အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကံလှိုင်တို့က သုတရောင်ခြည်စာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နတ်ကြီးကျေးရွာ မြသွေးရွှေရည်စာကြည့်တိုက်သစ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျနှင့် အလှူရှင်ဦးတင်ငွေတို့က စာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးက စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးထံ အလှူရှင် ဦးတင်ငွေကစာကြည့်တိုက်တည်ဆောက်မှုကုန်ကျငွေ ကျပ်သိန်း ၁၈၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့က စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်များ၊ ဂျာနယ်/စာစောင်များပေးအပ်ကာ စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ နတ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နတ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) သီရိမွန်နှစ်ထပ် ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

**အမှာစကားပြောကြား**

ထို့နောက် ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲနှင့် ဝန်ထမ်းအိမ်ရာလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများပေးအပ်ကြပြီး ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က ကျောင်း(ခွဲ)အတွက် ဘီလပ်မြေအိတ် (၂၀၀)နှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်း/တံတားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကချင်ပြည်နယ် လမ်း၊ တံတားလုပ်ငန်း ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၈**

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်း/တံတားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန်၂၆ရက် မွန်းလွဲ ၂နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူးနော်က အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်အင်ဂျင်နီယာမှူးကြီးဦးဇော်ဝင်းမြင့်နှင့် အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၃) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မြင့်အောင်တို့က ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လမ်း/တံတားများ ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၄) အင်ဂျင်နီယာမှူး ဦးမောင်မောင်ချို၊ လမ်းအထူးအဖွဲ့(၆) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်၊ လမ်းအထူးအဖွဲ့(၁၄) လက်ထောက်အင်ဂျင်နီယာ ဦးမြတ်ခိုင်စိုး၊ တံတားအထူးအဖွဲ့ (၁၅) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်ဦး၊ မြစ်ကြီးနားခရိုင်အင်ဂျင်နီယာမှူး ဒေါ်ဝင်းဝင်းမော်နှင့် မိုးညှင်းခရိုင်အင်ဂျင်နီယာမှူး ဦးဆလိုင်းဗိုလ်အုပ်တို့က မိမိတို့၏ လုပ်ငန်းပိုင်းအလိုက် လမ်းနှင့်တံတား လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါးတို့က လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူတို့က လုပ်ငန်းများအောင်မြင်ရေး အကြံပြုဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်း/တံတားများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပီရူးနိုင်ငံ လီမာမြို့တွင် ကျင်းပခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် အမျိုးသားအထူးအေဂျင်စီ အကြီးအကဲများ၏ ကမ္ဘာ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အပြည်ပြည် ဆိုင်ရာ ညီလာခံသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံ ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်ခဲ့

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပီရူးနိုင်ငံ လီမာမြို့တွင် ဇွန် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် အမျိုးသားအထူးအေဂျင်စီ အကြီးအကဲများ၏ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိသည်။

ညီလာခံသို့ ပီရူးသမ္မတ မစ္စတာ အိုလန်တာ ဟူမလာ တပ်စ်ဆိုက တက်ရောက်အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး နိုင်ငံ ၆၅ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၁၀ ခုမှ ကိုယ်စားလှယ်အဖွဲ့ဝင် ၁၆၀ ကျော်ပါဝင်တက်ရောက်ခဲ့သည်။ ယင်းညီလာခံအပြီးတွင် အပြီးသတ်ကြေညာစာတမ်းကို အတည်ပြုချမှတ်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ညီလာခံပထမနေ့၌ မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ ဇွန် ၂၅ ရက် ညနေပိုင်းတွင် ပီရူးသမ္မတ မစ္စတာ အိုလန်တာ ဟူမလာ တပ်စ်ဆိုက ညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဇွန် ၂၈ ရက်တွင် လီမာမြို့မှ ပြန်လည်ရောက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



ဇွန် ၂၇ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) သေနတ်ပစ်အားကစားကွင်း၌ ကျင်းပသော ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ အမျိုးသား ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲတွင် အမှတ်ပေါင်း ၅၇၂ မှတ်ဖြင့် ပထမရရှိသော မောင်ကြူးအား မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီက ဆုပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၂၈-၆-၂၀၁၂**

ဝမြို့
၆ ဒသမ ၃၈ လက်မ
မော်လမြိုင်မြို့
၆ ဒသမ ၁၈ လက်မ
ကျိုက်မရောမြို့
၅ ဒသမ ၈၂ လက်မ
မုဒုံမြို့
၅ ဒသမ ၇၅ လက်မ
ချောင်းဆုံမြို့
၄ ဒသမ ၈၀ လက်မ
ရန်ကုန်(မြို့လယ်)
၄ ဒသမ ၃၇ လက်မ
ပေါင်မြို့
၄ ဒသမ ၀၆ လက်မ
ပုသိမ်မြို့
၃ ဒသမ ၆၆ လက်မ

# တနင်္သာရီတိုင်းဒေသကြီး ငါးဖမ်းကွက်အတွင်း ငါးစဉ်ဆက်မပြတ် ထုတ်ယူစားသုံးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇွန် ၂၈**

ငါးလုပ်ငန်းဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များ၏တောင်းဆိုချက်အရ ငါးသယံဇာတပေါများလာစေရေးအတွက် တနင်္သာရီငါးလုပ်ငန်းရေပြင်တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ၏ တောင်ဘက်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်၏ အရှေ့ဘက် ဧရိယာအတွင်း ငါးသားပေါက်ချိန်ဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ငါးမဖမ်းရကာလ (Closed Season)နှင့် ငါးမဖမ်းရနယ်မြေ (Closed Area) သတ်မှတ်ခြင်းကို မေ ၂၆ရက်တွင် ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ကမ်းနီးဒေသအတွင်း နေထိုင်စားသောက်ကြသည့် ဒေသခံကျေးလက်နေရေလုပ်သားများ၏ စားဝတ်နေရေးနှင့် လူနေမှုဘဝ အခက်အခဲမဖြစ်စေရန် တားမြစ်ကာလအတွင်းဖြစ်သော်လည်း ကမ်းနီးငါးလုပ်ငန်းလုပ်ကိုင်ကြသည့် လှေများသည် စက်စွမ်းအားမြင်းကောင်ရေ ၂၅ ကောင်ထက်မပိုသောလှေ၊ ငါးဖမ်းကိရိယာကို စက်အင်အားဖြင့် အတင်အချမပြုလုပ်သော လှေ၊ စက်အင်အားကို ငါးဖမ်းကွက်သို့ သွားလာရန်အတွက်သာ အသုံးပြုပြီး နေ့ချင်းပြန် ငါးဖမ်းဆီးသောလှေနှင့် ဒေသအတွင်းရှိ ကျေးလက်နေရေလုပ်သားများ မိရိုးဖလာ ငါးဖမ်းနည်းစနစ်ဖြင့် ဖမ်းဆီးသောလှေစသည့် ကမ်းနီးလှေများကို ငါးဖမ်းဆီးခွင့်ပေးခဲ့သည်။

ကမ်းနီးငါးဖမ်းလှေများအနေဖြင့် အလျားပေ ၃၀နှင့် မြင်းကောင်ရေ ၂၅ ကောင်အောက်ရှိ လှေပေါ်တွင် ရေခဲပုံးများ တင်ဆောင်၍ ငါးဖမ်းဆီးကြသဖြင့် ငါးဖမ်းကွက်သို့ သွားလာရသော ဒီဇယ်ဆီကုန်ကျစရိတ်နှင့် ရေခဲဖိုးကာမိစေရန် ငါးဖမ်းရက်ကို ငါးရက်သတ်မှတ်ပေးရန်သင့်လျော်ပါကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းနှင့် ရေလုပ်ငန်းရှင်များ၏ သဘောထားမှတ်ချက်အရ တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးလက်နေဒေသခံတို့၏ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းနီးငါးလုပ်ငန်းရေပြင်တွင် ကမ်းနီးငါးဖမ်းလုပ်ငန်းကို မိရိုးဖလာ ငါးဖမ်းနည်းစနစ်များဖြင့် လုပ်ကိုင်နေသော ကမ်းနီးလှေများအား နေ့ချင်းပြန်အစား ငါးဖမ်းရက် ငါးရက် ပြောင်းလဲသတ်မှတ်ခြင်းနှင့် ငါးသယ်ရက်ကို ခုနစ်ရက် တိုးမြှင့်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ယင်းသို့ ငါးဖမ်းခွင့်၊ ငါးဖမ်းရက်၊ ငါးသယ်ရက် တိုးမြှင့်သတ်မှတ်ခွင့်ပြုပေးခဲ့သဖြင့် ဒေသခံကျေးလက်နေရေလုပ်သားများ၏ စားဝတ်နေရေး ပြေလည်မှုရှိလာကြောင်း သိရှိရသည်။ **(လှိုင်မောင်)**



## ပေးအပ်

**သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးဝန်ထမ်းများအား ရုံးဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၃ ရက်က အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းက ဝန်ထမ်း ၈၇ ဦး အတွက် ငွေကျပ် ၁၂၆၇၅၀၀ တန်ဖိုးရှိ ရုံးဝတ်စုံများ ပေးအပ်စဉ်။**

(ဝ၂၈)

# လူကုန်ကူးမှုပပျောက်ရေး ဖားကန့်၌ ပညာပေးဟောပြော

**ဖားကန့် ဇွန် ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့ အထကပညာရတနာခန်းမ၌ လူကုန်ကူးမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ခင်မောင်စိုးဝင်းနှင့်တပ်ဖွဲ့ဝင်များ အင်န်ဂျီအိုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

**ဟောပြော**

ထို့နောက် ဖားကန့်ရဲစခန်းမှ ဒုတိယရဲအုပ်သန်းထွဋ်ဇော်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းများကိုလည်းကောင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဇော်လွင်ဦးက လူကုန်ကူးခံရပြီးနောက် ပြည်ပတွင် အိမ်ရှင်၏နှိပ်စက်ခံရပုံ၊ ခြံအတွင်း ပိတ်လှောင်ခံရပြီး စက်ရုံတွင်ခိုင်းစားခံရပုံများကို ပရိဂျက်တာဖြင့်ပြသ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆၄)**

# ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ ရခိုင်ပြည်နယ်အတွင်း ဆက်လက်ဖော်ဆောင်မည့်လုပ်ငန်းများ ရှင်းလင်းပြောကြား

**နေပြည်တော် ဇွန် ၂၈**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ပြောင်းရွှေ့လာကြသည့် ဒေသခံပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ဥရောပ သမဂ္ဂနှင့် NGOs အဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် NGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသည့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် NGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူ များက ယင်းတို့၏လုပ်ငန်းတာဝန်များနှင့် ပါဝင်ဆောင်ရွက်လိုကြသည့် ကဏ္ဍများ အား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့် ဦးအောင်ကြည်တို့က ဒေသခံ ပြည်သူများအတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများက လတ်တလော ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၉-၆-၂၀၁၂ (သောကြာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | တရားတော် |
| ၇း၁၅ | ဓမ္မပူဇာတေး |
| ၇း၂၀ | မျိုးချစ်တပ်မတော် |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

**ညပိုင်း**

| | |
|---|---|
| ၄း၂၀ | မြန်မာစာ၊ မြန်မာစကား (အပိုင်း-၁၁) |
| ၄း၅၅ | အိုင်စီတီ သုတ |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၄၅ | စောင့်မျှော်ရှုစားကြိုးဝိုင်း စကား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်သစ်ရဲ့ သူရဲကောင်း** (အပိုင်း-၆) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| | - နိုင်ငံတကာသတင်း |
| | - မိုးလေဝသသတင်း |
| | - သံစဉ်များနှင့်ကမ္ဘာ |
| | - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၂၈) |
| | - မြဝတီရုပ်မြင်သံကြားသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဂုဏ်ရည်မတူ** (အပိုင်း-၂) |

## အာရှနာမည်ကြီး တောင်ကိုရီးယားအသင်း မြန်မာအသင်းနှင့် သရေကစားပြီး တစ်မှတ်စီခွဲယူ

**သတင်းနှင့်ဓာတ်ပုံ ➢ ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၂၂ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ အုပ်စု (G) တတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက သတ်မှတ်ထားသော ကွင်းအသီးသီး၌ ဆက်လက်ကျင်းပသည်။

**မြန်မာအသင်း - ဂိုးမရှိ**
**တောင်ကိုရီးယားအသင်း - ဂိုးမရှိ**

မြန်မာတို့အကောင်းဆုံးခံစစ်ကစားပြီး တောင်ကိုရီးယားအသင်းထံမှ သရေ တစ်မှတ်ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင် သရေတစ်မှတ်ရယူနိုင်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် အလားအလာ ကောင်းသွားခဲ့ပြီး တရုတ်(တိုင်ပေ)နှင့် မလေးရှားတို့ပွဲတွင် လေးမှတ်ရယူနိုင်ပါက ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

**(သုဝဏ္ဏကွင်း)**

**ဗီယက်နမ် - ကိုးဂိုး**
**ဖိလစ်ပိုင် - ဂိုးမရှိ**

**(အောင်ဆန်းကွင်း)**

**မလေးရှား - လေးဂိုး**
**တရုတ်(တိုင်ပေ) - နှစ်ဂိုး**

ယနေ့ပွဲစဉ်များအပြီးတွင် အုပ်စု(G)၌ တောင်ကိုရီးယားအသင်းနှင့် မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်စီရရှိကာ မလေးရှားက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်၊ တရုတ်(တိုင်ပေ)နှင့် ဗီယက်နမ်က တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် သုံးမှတ်စီရရှိထားပြီး ဖိလစ်ပိုင်အသင်းမှာ အမှတ်မရရှိသေးချေ။

**(၃၀-၆-၂၀၁၂)**

**(သုဝဏ္ဏကွင်း)**

**ညနေ ၃း၁၅ နာရီ**

မြန်မာ - တရုတ်(တိုင်ပေ)

**ညနေ ၆း၁၅ နာရီ**

ဖိလစ်ပိုင် - တောင်ကိုရီးယား

**(အောင်ဆန်းကွင်း)**

**ညနေ ၃း၁၅ နာရီ**

မလေးရှား - ဗီယက်နမ်



မြန်မာနှင့် တောင်ကိုရီးယားတို့ ယှဉ်ပြိုင်နေစဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ



**နေပြည်တော် ဇွန် ၂၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Science & Technology Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Su Dingcheng ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာအခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီမြို့နယ်တွင် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**မြဝတီ ဇွန် ၂၈**

ကရင်ပြည်နယ် မြဝတီမြို့ စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် မသန်စွမ်း/အသက် ၇၅ နှစ်နှင့်အထက် အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါရုံး၌ကျင်းပရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်က အမှာစကားပြောကြားပြီး စေတနာရှင်များက လှူဒါန်းငွေကျပ် စုစုပေါင်း ၄၈၆၂၃၀၀ ကို မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်ထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့အလင်း ဘဝအမောပြေ

### ရှိပါတယ်

**အာကာဟိန်း-ရေးသားသည်**

**အဝတ်အစားနွမ်းပါးစွာဝတ်ဆင်ထားသော အမျိုးသားတစ်ဦးက ရှေ့နေတစ်ဦးထံသို့ ရောက်ရှိလာလေသည်။**

**ရှေ့နေ ။ ။ ထိုင်ပါ…ဘာကိစ္စများကူညီပေးရမလဲ။**
အမျိုးသား ။ ။ ကျွန်တော်အမှုအပ်ချင်လို့ပါ။
**ရှေ့နေ ။ ။ သြော်…ဘာအမှုများလဲ။**
အမျိုးသား ။ ။ ခိုးမှုပါဆရာ။
**ရှေ့နေ ။ ။ သြော်‥သြော် ဒါနဲ့ ‥အမှုလိုက်ခငွေကြေးရောပေးနိုင်ရဲ့လား။**
အမျိုးသား ။ ။ ငွေတော့မရှိပါဘူး‥ ကျွန်တော့်မှာမြင်းတစ်ကောင်တော့ရှိပါတယ်။
**ရှေ့နေ ။ ။ ဒါဆိုလည်း ‥ခင်ဗျားရဲ့ မြင်းရောင်းပြီးတော့ ပေးပေါ့ဗျာ။**
အမျိုးသား ။ ။ ဟုတ်ကဲ့ပါဆရာ။
**ရှေ့နေ ။ ။ ဒါဆိုရင်ပြော‥ခင်ဗျားက ဘာခိုးမှုလဲ။**
အမျိုးသား ။ ။ အဲဒီ‥ မြင်းကို ခိုးထားလို့ပါ။
**ရှေ့နေ ။ ။ "ဟေ"။**

## မရမ်းကုန်းမြို့နယ်၌ နှစ်ထပ်တိုက် နောက်ဘက်ပြိုကျ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း တိုက်အမှတ်(၃) ရှစ်ခန်းတွဲ လူနေနှစ်ထပ်တိုက် အဆောက်အအုံတွင် ယနေ့နံနက် ၃ နာရီက မီးဖိုချောင် အပေါ် အောက် ပြိုကျမှုဖြစ်ပွားခဲ့သည်။ထို့ကြောင့် သွပ်မိုး၊ အကာပျဉ်ချပ်များနှင့် နံရံအုတ်ကျိုးများ အိမ်နောက်ဘက်တွင် စုပုံသွားခဲ့သည်။



**(ယာပုံ)**

အဆိုပါ အဆောက် အအုံကို ၁၉၈၇ ခုနှစ်က စတင်ဆောက် လုပ် ခဲ့ပြီး ၂၅ နှစ်တာကာလတွင် ယခုကဲ့သို့ မိုးဒဏ်သင့်ပြီး ဆွေးမြည့်ခြင်း၊ ချောင်းမြောင်း ရေလျှံကာ အောက်ခြေဆွေးမြည့်ခြင်းတို့ကြောင့် လေထန်သောအခါ ပြိုကျရကြောင်း၊ တစ်ဆက်တစ်စပ်တည်း မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ မီးပွိုင့်အနီး ဖြိုးအထူးကုဆေးခန်း အဆောက်အအုံဝင်းခြံစည်းရိုး အုတ်နံရံလည်း ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပေ ၃၀ ခန့် ပြိုလဲပျက်စီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါပြိုကျပျက်စီးမှုတွင် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၁၅)**

▲ *ကျောဖုံးမှ*

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းက ငွေကျပ်သိန်း ၅၀နှင့် ငွေကျပ် ၁၄၂ သိန်းသုံးသောင်းသုံးထောင့် ခုနစ်ရာတန်ဖိုးရှိ ဆေးဝါးများ၊ DALLCHI စေတနာသင်တန်းကျောင်းက ငွေကျပ် ခုနစ်သိန်း ရှစ်သောင်းလေးထောင့်ခုနစ်ရာ့ နှစ်ဆယ်၊ ဦးကျော်လင်း-ဒေါ်သန်းသန်းဆွေမိသားစုက ငွေကျပ် နှစ်သိန်း၊ အဝတ်အထည် နှစ်ထုပ်၊ ဖိနပ် အရန် ၅၀၊ ဦးသူမင်းထိုက်နှင့် မြို့ပြအင်ဂျင်နီယာ ကျောင်းသားကျောင်းသူများက ငွေကျပ်သုံးသိန်း၊ ဦးမြင့်ရွှေ-ဒေါ်အေးငွေ မိသားစုက ငွေကျပ်တစ်သိန်း၊ မိခင် ဒေါ်ဝင်းကြည်အားရည်စူး၍ မကြူကြူအောင်မိသားစုက ငွေကျပ်သုံးသောင်း၊ ဦးဟန်ထွန်း-ဒေါ်နီနီမာ မိသားစုက ငွေကျပ်သုံးသောင်းနှင့် အဝတ်အထည် တစ်ထုပ်၊ ဗိုလ်မှူးဝင်းထိန်(ငြိမ်း)-ဒေါ်သိန်းသိန်းဝင်း မိသားစုက အဝတ်အထည်တစ်ထုပ်၊ ဦးဖေမြင့်-ဒေါ်စိုးတင့် မိသားစုက ငွေကျပ်ငါးသောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဦးအောင်လွင်-ဒေါ်သက်သက်ဦး မိသားစုက ငွေကျပ်သုံးသောင်းနှင့် အဝတ်အထည် သုံးထုပ်၊ ရဲမှူးကြီးရဲသူရိန်ဗထူး မိသားစုက ငွေကျပ်နှစ်သောင်းနှင့် အဝတ်အထည် တစ်ထုပ်၊ ဦးမောင်မောင်သန်း- ဒေါ်သက်သက်ခိုင် မိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါက်တာသက်ထွန်းဦး - မသက်သက်အောင် မိသားစုက အဝတ်အထည် သုံးထုပ်၊ စောင် နှစ်ထုပ်၊ အိုးခွက်ပန်းကန်တစ်ဖာ၊ ဦးစောနိုင်-ဒေါ်နုနုရီမိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါ်လှလှသိန်းမိသားစုက အဝတ်အထည်သုံးထုပ်၊ ချင်းပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၁၇၈၉၈၀၂၉၆ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် ဇွန် ၂၈**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေအားကောင်းနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## ငါးရစ်ငါးသန်ဘေးမဲ့ချိန် ပုံမှန်စားသုံး မျိုးမသုဉ်း

*✻ ရှေ့ဖုံးမှ*

စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သော လက်ကိုင်ရှည်မြေညှိစက်ငယ်များဖြင့် မြေညှိပြုပြင် လက်တွေ့သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လက်တွေ့သရုပ်ပြသပွဲသို့ တက်ရောက်လာကြသည့် ညောင်ပင်ကြီးစုကျေးရွာမှ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လယ်ယာလုပ်ငန်းခွင်အခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မျိုးစေ့သန့်စင်စက်ဖြင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့သန့်စင်မှုနှင့် မျိုးစေ့ဆေးလူးနယ်စက် အသုံးပြုမှုတို့ကိုလည်းကောင်း၊ ပုလဲသွယ်ဘာစမာတီစပါး မျိုးစေ့ထုပ်များ၊ မြန်မာပုလဲသွယ်၊ ဗီယက်နမ်ပုလဲသွယ်နှင့် ဘာစမာတီစပ်မျိုးဆန်နှင့် စပါးနမူနာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စပါးမျိုးစေ့ဓာတ်ခွဲခန်း၌ ပုလဲသွယ်စပ်မျိုးစပါးများ အပင်ပေါက်စမ်းသပ်ခြင်း၊ စပါးမျိုးစေ့အရည်အသွေးစစ်ဆေးခြင်း၊ မျိုးစေ့သန့်စင်မှုစစ်ဆေးခြင်း၊ အမိုင်းလို့စ်ပါဝင်မှုစစ်ဆေးခြင်းနှင့် စပါးမျိုးစေ့ အခြောက်ခံစက်တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံ ကူဘိုတာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Siam Kubota Company(SKC) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် Green House အတွင်း စမ်းသပ်စိုက်ပျိုးထားသည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် ပန်းအလှပင်များကို ကြည့်ရှုလေ့လာပြီး တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ယနေ့ လက်တွေ့သရုပ်ပြသသည့် ဂျပန်နိုင်ငံ ကူဘိုတာကုမ္ပဏီမှ ထုတ်လုပ်သော လေးဘီး ထွန်စက်ကြီး၊ ထွန်စက်ငယ်၊ လက်တွန်းထွန်စက်နှင့် စပါးရိတ်သိမ်းခြွေလှေ့စက်များသည် အရည်အသွေးမြင့်မားပြီး မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီမှုရှိကာ လယ်ယာလုပ်ငန်းခွင်တွင် လက်တွေ့ထိရောက်စွာ အသုံးပြုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**







**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ညောင်ပင်ကြီးစု တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းရှိ စပါးမျိုးစေ့ဓာတ်ခွဲခန်း၌ စပါးမျိုးစေ့ အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း၌ လယ်ယာသုံးပစ္စည်းကိရိယာများ၏ စက်စွမ်းရည် လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

*❍ ကျောဖုံးမှ*

အမည်ရင်းကို မသိရသေးသော်လည်း ၄င်းသတ္တဝါသည် ပါးစပ်မှ အဆိပ်ငွေ့ထုတ်လွှတ်တတ်သော သတ္တဝါမျိုးစိတ်တစ်မျိုးဖြစ်ကြောင်း တွေ့ရှိခဲ့ကြသည်။ ယင်းသတ္တဝါ၏ ပါးစပ်မှ ထုတ်လွှတ်သော အဆိပ်ငွေ့သည် လူ့အရေပြားတွင် မီးလောင်ဖုသဏ္ဌာန်အရည်ကြည်ဖုများထွက်စေပြီး စွတ်စိုပူအိုက်ချိန်တွင် တွေ့ရတတ်ကြောင်း သိရသည်။

**သဏ္ဌာန်တူ**

သတ္တဝါ၏ ပုံသဏ္ဌာန်မှာ ကင်းမြီးကောက်နှင့်သဏ္ဌာန်တူပြီး ခန္ဓာကိုယ်အရှည် သုံးလက်မခန့်ရှိကာ ခြေချောင်းခြောက်ချောင်းပါရှိပြီး ရှေ့လက်နှစ်ချောင်း၊ အာရုံခံအမွေးအမှင် နှစ်ချောင်း၊ အဖြူတစ်ရစ် အနက်တစ်ရစ်ရှိ အမြီး တစ်ချောင်းနှင့် ခန္ဓာကိုယ်ပေါ်တွင် အနီစက်နှစ်စက်တန်းလျက် စုစုပေါင်း ၁၀ စက် ပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသမှာ ဒီလို သတ္တဝါတွေရှိနေတာ နှစ်နှစ်လောက်ရှိပြီ။ ကျွန်တော့်အသက် ၅၀ ကျော်မှ ခုလိုအသေအချာတွေ့ဖူးတော့တယ်" ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

**ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်တွင် မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ဇွန် ၂၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေနှင့် ကျန်းမာရေးဝန်ထမ်းများ လူနေအိမ်ပတ်ဝန်းကျင်တွင် ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် မြောင်းရှင်းလင်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (၁၆၆)



**မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်**

၂၉-၆-၂၀၁၂ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၀၀ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၈း၂၀ " သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
၈း၄၀ International News

**ညပိုင်း**

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ တေးဂီတအစီအစဉ်
၄း၃၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၅၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅း၁၅ မြန်မာစာ၊ မြန်မာစကား
၆း၀၀ ညနေခင်းသတင်း
၆း၃၅ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆ-ဆရာရှိသေပါ** (အပိုင်း-၁၈)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- လျှပ်တစ်ပြက်ဟာသများ
နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ့်နေ့ရက်များ** (အပိုင်း-၁၈)
- သီချင်းချစ်သူ (အထူးအစီအစဉ်) (အပိုင်း -၂)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးအား လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Thongloun SISOULITH ခေါင်းဆောင်သောအဖွဲ့ဝင် ၁၀ ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဌာနချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**



တွေ့ဆုံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးမောင်ရှိန်၊ အလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသော ဒေါက်တာကျော်မြင့်၊ ဦးမောင်မောင်ဆွေ၊ ဦးအောင်ထွန်း၊ ဦးလှသိန်းဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ MOFA Permanent Secretary,Mr. Sayakane SISOUVONG၊ Lao Ambassador, H.E.Mr. Nilahath SAYARATH ၊ Director General of Asia Pacific and Africa Mr.Phouangkeo၊ Director General of Relation Party Mr.Thongsavanh PLLOMVIHANLL၊ Director General of Asia Department Mr.Yakour LOPANGKAO၊ Deputy Director General, Secretary to Deputy Prime Minister, Deputy Director, Protocol Mr. Phamthavong BOUTHSAVONG၊ Desk Officer, MOFA Mr. Thongdom INTHAPHONH နှင့် Interpretor Mr. Somvang KHANSANGA တို့ တက်ရောက်ကြသည်။ထိုသို့တွေ့ဆုံရာတွင် မြန်မာ-လာအို နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် လာအိုပြည်သူ့တော်လှန်ရေးပါတီတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ အမြင်ချင်းဖလှယ်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

"မြန်မာအမျိုးသမီးများနေ့"
ဇူလိုင်လ (၃) ရက်

## ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံဆိုင်ရာ ရုံးခွဲတာဝန်ခံနှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဥရောပသမဂ္ဂ (European Union) မှ မြန်မာနိုင်ငံဆိုင်ရာ ရုံးခွဲတာဝန်ခံ Mr. Andreas List ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အောက်ပုံ)** စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု၊ မြန်မာ့သစ်များ အနောက်ဥရောပဈေးကွက်တွင် တိုးမြှင့်ရောင်းချနိုင်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာရေး လုပ်ငန်း နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီ၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြန်မာ့လက်ရွေးစင် အမျိုးသား ဒိုင်ဗင်အသင်း စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၂၈**

၂၀၁၂ ခုနှစ် ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် 3rd Singapore Diving Invitational ဒိုင်ဗင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသား ဒိုင်ဗင်အသင်းသည် ဇွန် ၂၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်သန်းသန်းမြင့်နှင့် နည်းပြအဖြစ် Mr. Cui Xiao Feng တို့ လိုက်ပါသွားကြပြီး မြန်မာ့လက်ရွေးစင်များအဖြစ် ဇွဲသက်ဦးနှင့် နောင်ဂျာတို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲမတိုင်မီ Joint Training များ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



**မြန်မာ့လက်ရွေးစင် အမျိုးသားဒိုင်ဗင်အသင်း စင်ကာပူနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**
(ရေကူးအဖွဲ့ချုပ်)

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မူဆယ် ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မူဆယ်ခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဝင်း၊ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြဟန်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်မင်းနောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ သစ်လှ၊ ဆူးထင်းရှူး၊ ယူကလစ်၊ မဟော်ဂနီ၊ နံ့သာနီ စသည့် ပျိုးပင်စုစုပေါင်း ၃၂၀ ခန့်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# Capital Market ၏ ခြေလှမ်းသစ် (သို့မဟုတ်) မြန်ပြည်စီးပွားဖွံ့ဖြိုးရေးအတွက် အားဆေးတစ်ခွက်

**မင်းသူ**

**မင်္ဂလာရှိသောနေ့**

ဂျပန်-မြန်မာအလံများက ဟိုတယ်အမရာ(နေပြည်တော်)သို့ အဝင်လမ်းတစ်လျှောက် တလူလူလွင့်လျက် ဟိုတယ်ခန်းမထဲ ဝင်လိုက်သည်နှင့် ဂျပန်၊ မြန်မာ ဧည့်သည်များ၊ ဝန်ထမ်းများ၏ ပြုံးရွှင်သောမျက်နှာများကို တက်ကြွရွှင်လန်းစွာ တွေ့မြင်ရသည်မှာ အားရစရာ ကောင်းလှသည်။

နှစ်ကာလအတန်ကြာကတည်းက ကြိုးစားအားထုတ်ခဲ့မှု၏ ရလဒ်သည် ယနေ့ ပေါ်လာခဲ့ပေပြီ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျပန်နိုင်ငံ တိုကျိုစတော့အိတ်ချိန်း (Tokyo Stock Exchange-TSE) နှင့် ဒိုင်ဝါသုတေသနအဖွဲ့ (Daiwa Institute of Research Ltd-DIR) တို့ မြန်မာနိုင်ငံအရင်းအနှီးဈေးကွက် (Capital Market) ဖွံ့ဖြိုးရေးအတွက် နားလည်မှုစာချွန်လွှာ (MOU) အား အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပေပြီ။

(MOU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဦးဆက်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ဂျပန်ဘက်မှ (Tokyo Stock Exchange - TSE) ဥက္ကဋ္ဌ Mr.Atsushi Saito နှင့် (Daiwa Institute of Research Ltd-DIR) မှ ဥက္ကဋ္ဌ Mr.Takashi Fukai အပါအဝင် ကုမ္ပဏီဝန်ထမ်းများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနှုတ်ဆက်စကား၊ တိုကျိုစတော့အိတ်ချိန်းဥက္ကဋ္ဌ၏ ကျေးဇူးတင်စကား၊ ဒိုင်ဝါသုတေသနအဖွဲ့ဥက္ကဋ္ဌ၏ ဂျပန်သံဝဲဝဲဖြင့် မြန်မာလိုကြိုးစားပြောကြားသည့် လုပ်ငန်းဆိုင်ရာ ကျေးဇူးတင်ဝမ်းမြောက်မှု ကတိစကား၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ MOU ရေးထိုးပွဲအောင်မြင်မှု အထိမ်းအမှတ် ကျေးဇူးတင်စကားတို့က ဂျပန်-မြန်မာ ချစ်ကြည်ရေး အခွန့်ရှည်ခိုင်မြဲရေးသာမက နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် (Win - Win Situation) ကိစ္စရပ်များကို ခိုင်မာစွာ ပြသနေကြသည်။

Capital Market ခြေလှမ်းသစ်ကား စခဲ့ပေပြီ။ နိုင်ငံတော်အစိုးရသစ် လက်ထက် ပွင့်လင်းမြင်သာစွာဖြင့် ညင်သာစွာပြောင်းလဲတိုးတက်မှု အကျိုးဆက်အဖြစ် Capital Market ဖြစ်ထွန်းပေါ်ပေါက်ရေး လမ်းကြောင်းပေါ်သို့ ဦးတည်လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပေသည်။ ပိတ်ဆို့မှုများ၊ အတားအဆီးများကြောင့် ရှေ့သို့တက်လှမ်းရန် အခက်အခဲများ၊ နှောင့်နှေးကြန့်ကြာခဲ့ရသော ကိစ္စရပ်များ၊ အတိတ်တွင် ထားရစ်ခဲ့ပြီး နိုင်ငံတကာပိတ်ဆို့မှုများ တစ်ဆင့်ပြီးတစ်ဆင့် ရုပ်သိမ်းကာ အပြုသဘောဆောင်သည့် လက်တွဲပူးပေါင်းဆောင်ရွက်မှုခြေလှမ်းသစ်များ၊ တက်ကြွသောအားမာန်များဖြင့် လျှောက်လှမ်းနိုင်တော့မည် ဖြစ်ပေသည်။

MOU ချုပ်ဆိုရာတွင် ပါဝင်သည့် DIR သည် မြန်မာနိုင်ငံနှင့် ယခုမှ ဆက်သွယ်ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီမဟုတ်ဘဲ ၁၉၉၆ ခုနှစ်ကတည်းက Joint Venture Company အဖြစ် မြန်မာ့စီးပွားရေးဘဏ်နှင့် အရင်းအနှီး အညီအမျှ ထည့်ဝင်၍ မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Myanmar Security Exchange Centre) MSEC အဖြစ် ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ခဲ့ပြီး နှစ်ပေါင်းများစွာ အတူလက်တွဲ ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီဖြစ်ပါသည်။

Tokyo Stock Exchange အနေဖြင့်လည်း နိုင်ငံတကာတွင် Stock Exchange ထူထောင်ခြင်းနှင့် Securities Exchange Market များထူထောင်ခြင်း၊ Stock များ၊ ရှယ်ယာများရောင်းဝယ်ခြင်း၊ ငွေပေးချေခြင်း၊ စာရင်းရှင်းလင်းခြင်းတို့အတွက် IT နည်းပညာများပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်း၊ Public Companies များ၊ Listed Companies များ ထူထောင်ခြင်း၊ Securities Dealer Industry Association များ ထူထောင်ခြင်းတို့တွင် ပူးပေါင်းကူညီလျက်ရှိပြီး မြန်မာနိုင်ငံ အရင်းအနှီး ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရန် ဆောင်ရွက်နေသည့်အဖွဲ့ ဖြစ်ပါသည်။

မကြာမြင့်မီကာလတွင် မြန်မာနိုင်ငံ၌ အရင်းအနှီးဈေးကွက် (Capital Market) ကြီးသည် ဂျပန်နိုင်ငံ TSE နှင့် DIR တို့၏ ပူးပေါင်းဆောင်ရွက်မှု အကူအညီဖြင့် ပေါ်ထွန်းလာတော့မည်မှာ မလွဲကေန်ဖြစ်ပေရာ မြန်မာနိုင်ငံသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့်လည်း Capital Market ကြီးအတွင်းသို့ ပါဝင်နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု [Publish-Private Partnership(PPP)] ဖြင့် အသင့်ပြင်ဆင်ထားသင့်ပေသည်။

ယနေ့ Globalization ခေတ် IT ခေတ်တွင် Capital Market၊ Stock Market သတင်းများသည် TV၊ Internet၊ သတင်းစာ၊ ဂျာနယ်များတွင် အမြဲတစေ မြင်တွေ့ကြားသိနေရသည်ဖြစ်ရာ မြန်မာနိုင်ငံသားများအတွက် အစိမ်းသက်သက် မဟုတ်ပါ။ သို့သော် ဂဃနဏသိသူကား လူနည်းစုသာ ရှိနိုင်သဖြင့် Capital Market နှင့်စပ်လျဉ်း၍ အနည်းငယ် မိတ်ဆက်ပေးလိုပါသည်။

နိုင်ငံတစ်နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အရင်းအနှီးသည် အဓိကမောင်းနှင်အားတစ်ခု ဖြစ်ပါသည်။ ငွေကြေးအရင်းအမြစ်များ စဉ်ဆက်မပြတ် စုစည်းမှုကောင်းမွန်ကာ ကုန်ထုတ်လုပ်မှုနယ်ပယ်၌ ထိထိရောက်ရောက် အသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးသည် မလွဲမသွေ တိုးတက်လာမည် ဖြစ်ပါသည်။ အရင်းအနှီးဈေးကွက် (Capital Market)သည် စုဆောင်းမှုမှသည် ရင်းနှီးမြှုပ်နှံမှုသို့ ပေါင်းကူးဆက်သွယ်ပေးရာဌာနတစ်ခု ဖြစ်ပါသည်။ ယင်းဈေးကွက်ရှိခြင်းအားဖြင့် စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုအင်အားများကို ပိုမိုတိုးတက်စေပြီး ကုန်ထုတ်လုပ်မှု မြင့်မားကာ ပြည်သူတို့၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှုကိုပါ အထောက်အကူပြုနိုင်ပါသည်။

ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် စတော့အိတ်ချိန်းအား ၁၁-၇-၂၀၁၁ ရက်နှင့် ၁၁-၁-၂၀၁၁ ရက်တို့တွင် အသီးသီးစတင်ထူထောင်ခဲ့ပြီး ယခုအခါ ၎င်းတို့၏ စတော့အိတ်ချိန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနှင့်ဘရူနိုင်း နှစ်နိုင်ငံသာ အရင်းအနှီးဈေးကွက်ထူထောင်ရန်ကျန်ရှိရာ မြန်မာနိုင်ငံသည် အရင်းအနှီး ဈေးကွက်ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အရင်းအနှီးဈေးကွက်တည်ထောင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ဂျပန်နိုင်ငံ Daiwa Institute of Research Ltd. တို့ နှစ်ဖက်သဘောတူညီချက်အရ မြန်မာငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေးကုမ္ပဏီ (Myanmar Securities Exchange Centre Co.,Ltd. MSEC) ကို ၁၉၉၆ ခုနှစ်တွင် တည်ထောင်၍ စာရင်းဝင်ကုမ္ပဏီများအတွက် "စံ" များ သတ်မှတ်ခြင်း၊ ရှယ်ယာများရောင်းချခြင်း၊ ရှယ်ယာရောင်းဝယ်မှု (Trading) ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေချေးစာချုပ်များ ရောင်းဝယ်ခြင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော မြန်မာနိုင်ငံအရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဆပ်ကော်မတီခြောက်ခုအား ၂၀၀၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအရင်းအနှီးဈေးကွက် (Capital Market) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြမြေပုံ (Road Map) ရေးဆွဲ၍ ၂၀၁၅ ခုနှစ်တွင် အရင်းအနှီးဈေးကွက်ပီပြင်စွာ ပေါ်ပေါက်လာရေး ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်တည်ထောင်နိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (မူကြမ်း) ကိုလည်း ၁၉၉၇ ခုနှစ်ကတည်းက စတင်ရေးဆွဲခဲ့ပြီး သတ္တမမူကြမ်းအထိ ပြင်ဆင်ပြီးဖြစ်ကာ အဆိုပါဥပဒေအား အတည်ပြုနိုင်ရေးအတွက် အဆင့်ဆင့် တင်ပြဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေပေါ်ပေါက်လာပါက အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်လာစေရေး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ ကုမ္ပဏီများ ပေါ်ထွန်းလာစေရေးများကို အားဖြည့်ပေးနိုင်မည်ဖြစ်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ ကွပ်ကဲကြပ်မတ်နိုင်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မတီဖွဲ့စည်း၍ အများပိုင်ကုမ္ပဏီများအား စနစ်တကျ ကွပ်ကဲကြပ်မတ်မှုများ ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ကုမ္ပဏီအများစုမှာ မိသားစုကုမ္ပဏီ (သို့မဟုတ်) အများနှင့် မသက်ဆိုင်သော ကုမ္ပဏီများဖြစ်ကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် မဖွံ့ဖြိုးရသော အကြောင်းအရင်းများတွင် အများပိုင်ကုမ္ပဏီ အရေအတွက် နည်းပါးခြင်းသည် အဓိကအကြောင်းအချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အများပိုင်ကုမ္ပဏီ (Public Company ) အဖြစ် ဆောင်ရွက်ခြင်းဖြင့် အောက်ပါအတိုင်း ကျေးဇူးများရရှိစေမည် ဖြစ်ပါသည်။

(က) အများပြည်သူတို့ အစုရှယ်ယာ ထည့်ဝင်ရန် ဖိတ်ခေါ်ခြင်း
(ခ) ရင်းနှီးမြှုပ်နှံမှုများအတွက် စိတ်ကြိုက်ကုမ္ပဏီကို ရွေးချယ်ရင်းနှီးနိုင်ခွင့်ရှိခြင်း
(ဂ) ကုမ္ပဏီတွင် ရှိနေသရွေ့ ကာလပတ်လုံး အစုရှယ်ယာများ ထုတ်ဝေရောင်းချမှုအပေါ်တွင် ငွေရင်း ပြန်အမ်းရန်မလိုခြင်း
(ဃ) ရင်းနှီးမြှုပ်နှံလိုသော ငွေပမာဏရရှိသည်အထိ ရှယ်ယာများထုတ်ဝေရောင်းချနိုင်ခြင်း
(င) နှစ်စဉ် အမြတ်ဝေစုခွဲဝေပေးနိုင်ခြင်း
(စ) အမြတ်ထဲမှ အချို့တစ်ဝက်ကို လုပ်ငန်းတိုးချဲ့ရန်အတွက် ထိန်းသိမ်းထားရှိခြင်း
(ဆ) ကုမ္ပဏီ၏ ခိုင်မာမှု၊ ဂုဏ်သိက္ခာရှိမှုတို့ကို ပိုမိုထင်သာမြင်သာရှိခြင်း
(ဇ) ဘဏ်ချေးငွေများကိုသာ မှီခိုနေရခြင်းမှ လွတ်ကင်းနိုင်ခြင်း
(ဈ) နိုင်ငံတကာ ကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်သည်အထိ ရင်းနှီးငွေ မြင့်မားလာနိုင်ခြင်း

အများနှင့် သက်ဆိုင်သော ကုမ္ပဏီ (Public Company) များ ဖွဲ့စည်းရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ၂၅-၁-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၂) ဖြင့် ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါသည်။

အရင်းအနှီးဈေးကွက် ပေါ်ပေါက်လာရေး ဦးတည်ဆောင်ရွက်ရာတွင် ၂၉-၅-၂၀၁၂ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျပန်နိုင်ငံ တိုကျိုစတော့အိတ်ချိန်း TSE၊ ဒိုင်ဝါသုတေသနအဖွဲ့ DIR တို့အကြား နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် အရင်းအနှီးဈေးကွက်အတွက် ခြေလှမ်းသစ်တစ်ရပ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားပေးမည့် ဖွံ့ဖြိုးရေးအင်ဂျင် (growth engine) စတင်ခြင်းလည်း ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းသယံဇာတ အရင်းအမြစ်များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ ညီညွတ်မှုစွမ်းအား၊ လူ့စွမ်းအားအရင်းအမြစ်များသာမက ပြည်ပမှ အရင်းအနှီးများနှင့် နည်းပညာအကူအညီများသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးမည့် Resources များ ဖြစ်ပေသည်။ Capital Market သည် ပြည်တွင်းသာမက ပြည်ပမှ အရင်းအနှီးများကိုပါ ရယူနိုင်သည့် ဌာနကြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း၌ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ပြည်သူပြည်သားများ အနေဖြင့်လည်း မြန်မာနိုင်ငံတွင် မကြာမြင့်မီ ဖြစ်ထွန်းပေါ်ပေါက်လာမည့် Capital Market အတွက် ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပြီ ဖြစ်ပါသည်။ အရင်းအနှီးများ ရရှိရေးသာမက နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အများပိုင် ကုမ္ပဏီများ ပေါ်ပေါက်လာရေး၊ နိုင်ငံတကာ အခြေအနေများအား မျက်ခြည်မပြတ်လေ့လာ၍ ပြုပြင်ပြောင်းလဲပြင်ဆင်သင့်ပြီ ဖြစ်ပါသည်။ သို့မှသာ အရင်းအနှီးဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာချိန်တွင် လိုက်လျောညီထွေစွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိပြီး အရင်းအနှီးဈေးကွက်၏ အသီးအပွင့်များကို ဆွတ်ယူစားသုံးနိုင်ကြမည် ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ် မေလ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် တိုကျိုစတော့အိတ်ချိန်း၊ ဒိုင်ဝါသုတေသနအဖွဲ့တို့၏ နားလည်မှုစာချွန်လွှာအား အောင်မြင်စွာ ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံအရင်းအနှီးဈေးကွက် (Capital Market) အတွက် ခြေလှမ်းသစ် စတင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားပေးမည့် ဖွံ့ဖြိုးရေးအင်ဂျင် စတင်လည်ပတ်သံကို မကြာမီ ကြားရတော့မည်ဖြစ်၍ မြန်မာနိုင်ငံသားများကိုယ်စား ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း မှတ်တမ်းတင်ရေးသားအပ်ပါသည်။ ။





## မုဒုံမြို့၌ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၈**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇွန် ၂၅ရက် နံနက်ပိုင်းက မုဒုံမြို့ ကန်ကလေးဥယျာဉ်ခြံရှိ နွားနောက် မွေးမြူရေးခြံ၊ ဘဲရမ်းကွင်းတွင် မိုးစပါး စိုက်ပျိုးပြီးစီးမှု၊ ဇဟိုခြံ၌ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး ထွန်ယက်နေမှုများနှင့် ပျိုးပင်များ ပျိုးထောင်ထားရှိမှု **(အပေါ်ပုံ)**၊ ဘဲရမ်းကုန်ထုတ်လယ်ယာအသင်း၏ နွားမွေးမြူရေး အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သဘာဝဇီဝမြေဩဇာ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမားများအား တွေ့ဆုံပြီး နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ထက် စိုက်ပျိုးစရိတ်ချေးငွေများကို ပိုမိုထုတ်ချေးပေးခဲ့ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သဘောပေါက်ပြီး မိမိတို့၏အကျိုးကို ဆောင်ရွက်သည့်နည်းတူ နိုင်ငံတော်အကျိုးကိုလည်း စေတနာထား ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးစရိတ် ချေးငွေများကို သတ်မှတ်ချိန်အမီ ပြန်လည်ပေးဆပ်ကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ စည်းကမ်းနှင့် ဥပဒေသည် အလွန်အရေးကြီးကြောင်း၊ စည်းကမ်းဥပဒေနှင့်အညီအစိုးရဝန်ထမ်းနှင့် ပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ပါက ပြည်သူများလိုလားတောင့်တသည့်ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်ဖို့ရန် အနေးနှင့်အမြန် တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာကြည့်တိုက်အတွက် အလှူငွေပေးအပ်

**ကဝ ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရုံးကြီးရပ်ကွက် အားမာန်သစ်စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ပညာရေးလုပ်ငန်းအဖွဲ့မှ စာကြည့်တိုက်အတွက် ငွေကျပ် တစ်သိန်းကို ဒေါ်ဝေဝေသင်းက ပေးအပ်လှူဒါန်းသည်။ အဆိုပါ စာကြည့်တိုက်သည် အလျား ၁၆ပေ ၊အနံ ၁၄ ပေ၊ အမြင့် ၁၄ ပေရှိ အုတ်နံရံကပ် သွပ်မိုးတစ်ထပ်ဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်ဒေါ်ဝေဝေသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ညိုပြာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးတင်စောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ယာဉ်ကြောပိတ်ဆို့မှု ကင်းစေချင်

**သတင်းမှတ်စုနှင့်ဓာတ်ပုံ**
**ဇင်ကိုကိုထက်**

*စာရေးသူအနေဖြင့် ကြည့်မြင်တိုင်မြို့နယ်မှ မြို့ထဲသို့သွားရာတွင် ကမ်းနားလမ်းမှ လိုင်းကား စီးသွားလေ့ရှိသည်။ မကြာခဏဆိုသလို ကြုံတွေ့ရသည့်ဒုက္ခမှာ အလုံမြို့နယ် သစ်တောလမ်းထိပ်မှ အစပြုကာ သခင်မြပန်းခြံအထိ ကားလမ်းတစ်လျှောက်ပိတ်ဆို့မှုပင်ဖြစ်ပါသည်။ ၁၉၉လိုင်းမှ ယာဉ်နောက်လိုက်တစ်ဦးက "ဒီလိုလကုန်ရက်နီးရင် နေ့တိုင်းနီးပါး လမ်းပိတ်လေ့ရှိတယ်"ဟု သူ့အတွေ့အကြုံကို ပြောပြပါသည်။ စာရေးသူ သတိထားလေ့လာမိသည်မှာ အလုံမြန်မာ့စက်မှုဆိပ်ကမ်းဝင်း (MIP)ရှေ့တွင် ယာဉ်ကြောအကျပ်ဆုံးဖြစ်သည်ကိုတွေ့ရသည်။*

*ဆိပ်ကမ်းဝင်းသို့ဝင်ရန် အလှည့်စောင့်နေသည့် ကွန်တိန်နာကားကြီးများက ကားလမ်း၏ဘယ်ဘက်ခြမ်းတွင် တန်းစီရပ်ထားကြသလို ဆိပ်ကမ်းဝင်းရှေ့တစ်ဖက် ညာဘက်အခြမ်းတွင် မော်တော်ယာဉ်စက်သုံးဆီဆိုင်(အလုံ-၁)မှ ဂက်စ်ဓာတ်ငွေ့ဖြည့်ရန် လိုင်းကားကြီးများက တန်းစီနေရာယူထားကြသည်။*

*ဆိပ်ကမ်းသို့ဝင်ရန် မိမိအလှည့်ကျ ကွန်တိန်နာကားကြီးများက လမ်းအလယ်ကြောမှ ဝိုက်၍နေရာယူချိန် တစ်ဖက်ထွက်ပေါက်မှ ထွက်လာသော ကွန်တိန်နာကားကြီးက လမ်းမကြီးအလယ်သို့ ကားဦးခေါင်းထွက်လာသည့် အချိန်တိုက်ဆိုင်မှုကြုံပါက နှစ်ဖက်ယာဉ်ကြောမှကားများ လုံးဝသွားလာနိုင်ခြင်းမရှိဘဲ ရပ်တန့်သွားသည်။ (အဝင်အထွက်နှစ်ပေါက်စလုံးမှာ အစဉ်မပြတ် ကားဝင်ထွက်မှုက ရှိနေပါသည်။)*

*သည်တွင် ကမ်းနားလမ်းမကြီးတစ်လျှောက် တစ်ဖြောင့်တည်းသွားကြသည့် သစ်လုံးတင်ယာဉ်ကြီးများ၊ ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်လိုင်းကားကြီးများ၊ ကိုယ်ပိုင်ယာဉ်ငယ်လေးများပါ တစ်ပြိုင်တည်း ရပ်တန့်သွားကြပြီး ခြောက်လမ်းသွားလမ်းမကြီးမှာ လမ်းလုံးပြည့်ဖြစ်သွားတော့သည်။*

*၎င်းလမ်းမကြီးပေါ်မှ ကွမ်းယာရောင်းသည့်အမျိုးသမီးကြီးတစ်ဦးက "အခုလိုယာဉ်ကြောပိတ်တာ ပြီးခဲ့တဲ့နှစ်လကျော်လောက်ကတည်းကပဲ၊ တစ်ခါ တစ်ခါပိတ်ရင်လည်း အကြာကြီးပဲ"ဟု သူတွေ့မြင်သမျှကို ပြောပြသည်။*

*ဤသို့ လမ်းကြောများ ပိတ်လာလျှင် လိုင်းကားကြီးများက စိတ်မရှည်တော့ အထက်ရှိ အောက်ကြည့်မြင်တိုင်လမ်းမကြီးဆီသို့ စောရန်ပိုင်ရပ်ကွက်အတွင်းလမ်းများမှ ဖြတ်သန်းကာ မောင်းထွက်ကြသည်။ သို့အတွက် အောက်ကြည့်မြင်တိုင်လမ်းမကြီးတစ်လျှောက် ထပ်မံ၍ လမ်းကြောပိတ်ဆို့မှုများ ဖြစ်ရပြန်သည်။*

*စောရန်ပိုင်ရပ်ကွက်အတွင်းရှိ ကလေးမိဘတစ်ဦးက "လိုင်းကားတွေ ရပ်ကွက်ထဲက ဖြတ်မောင်းကြတော့ လမ်းက ကျဉ်းကျဉ်းနဲ့မို့ ကလေးတွေအတွက် အန္တရာယ်ဖြစ်မှာ အလွန်စိုးရိမ်ရတယ်"ဟု သတင်းအဖွဲ့အား ပြောပြခဲ့သည်။*

*Taxi မောင်းသူ တစ်ဦးက "တကယ်တော့. . . ဝိတ်များတဲ့ ကွန်တိန်နာကားကြီးတွေ၊ သစ်လုံးတင်နဲ့ ကုန်တင်ယာဉ်ကြီးတွေက ယာဉ်ကြောပိတ်ပိတ်လာတဲ့အတွက် ခရီးသွားပြည်သူတွေ၊ ဝန်ထမ်းတွေ၊ ကျောင်းသား ကျောင်းသူလေးတွေ အတွက် အချိန်တွေအလဟဿဖြစ်ပြီး အခက်အခဲတွေ ရှိလာကြတယ်" ဟု ဆိုလာသည်ကိုလည်း ကြားသိခဲ့ရသည်။ ။*





## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကော့သောင်းမြို့နယ်၌ ကျင်းပ

**ကော့သောင်း ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် သစ်တောဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၇ နာရီက ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်ရှိ ၁၃၉၉ တောင်၊ ကိုးနဝင်းတောင်တက်လမ်းတစ်လျှောက်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်း၊ ခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမျိုးမင်းနိုင်နှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက မဟော်ဂနီပင် ၈၀၀၊ ပျဉ်းကတိုးပင် ၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**(မြို့နယ်သစ်တော)**

## မအူပင်မြို့နယ် သမဝါယမအသင်းစု မျက်နှာစုံညီ အစည်းအဝေးကျင်းပ

**မအူပင် ဇွန် ၂၈**

မအူပင်မြို့နယ် သမဝါယမအသင်းစု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၂၄ ရက်က မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးသက်နိုင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းစာရင်းစစ်အဖွဲ့နှင့် အခြေခံသမဝါယမအသင်းကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ဆွေးနွေးကြသည်။

အခမ်းအနားတွင် သဘာပတိ အသင်းစုဥက္ကဋ္ဌဦးစိုးမြင့်နှင့် ဦးစီးအရာရှိဦးသက်နိုင်တို့က အမှာစကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာဦးသန်းထွန်းက ဘဏ္ဍာရေးအစီရင်ခံစာကိုလည်းကောင်း၊ စာရင်းစစ်ခေါင်းဆောင် ဒေါ်လဲ့ယဉ်အေးက အသင်းစာရင်းစစ်အစီရင်ခံစာကိုလည်းကောင်းဆွေးနွေးရာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေး အတည်ပြုပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် သ/မ)**

## မြန်မာ့အလင်း မှုခင်းသတင်း

### ဖြူးမြို့၌ ဆေးခြောက်များဖမ်းဆီးရမိ

**ဖြူး ဇွန် ၂၈**

ဇွန် ၂၆ ရက် နံနက် ၁၁ နာရီခွဲက ဖြူးမြို့ ဈေးရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း စေတမန်ကားဂိတ်ရှေ့တွင် မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းအရ ဖြူးရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်သူရိန်စန်းနှင့်အဖွဲ့သည် ရပ်ကွက်တာဝန်ရှိ သက်သေများနှင့်အတူ စေတမန်ကားဂိတ်တွင် ရောက်ရှိနေသည့် လှမိုး ၃၇ နှစ် (ဘ) ဦးချစ်စိန် ဇလုပ်ကြီးရွာ ထန်းတပင်မြို့နယ်နေနှင့် မထက်ထက်အောင် ၁၉ နှစ် (ဘ)ဦးတင်အောင် သပြေလှရွာ ဖြူးမြို့နယ်နေသူတို့အား ရှာဖွေစစ်ဆေးရာ မထက်ထက်အောင်၏ လက်ဆွဲအိတ်အတွင်းမှ ကြွပ်ကြွပ်အိတ်နှင့်ထုပ်ထားသည့် ဆေးခြောက် ၇၀ ကျပ်သားကို ရှာဖွေဖမ်းဆီးရမိသည်။

၎င်းဆေးခြောက် ၇၀ ကျပ်သားကို လှမိုးက မထက်ထက်အောင်အား ရန်ကုန်သို့ ပို့ဆောင်ပေးရန် ဆက်သွယ်စေခိုင်းကြောင်း မထက်ထက်အောင်က ဝန်ခံပြောပြသဖြင့် မူးယစ်ဆေးဝါး (ဆေးခြောက်) တရားမဝင် လက်ဝယ်ထားရှိသူ လှမိုးနှင့် မထက်ထက်အောင်တို့အား ဖြူးရဲစခန်းမှ အရေးယူထားကြောင်း သိရှိရသည်။ **(၁၁၁)**

### မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**တာချီလိတ် ဇွန် ၂၈**

တာချီလိတ်(မူးယစ်)အဖွဲ့မှ ရဲအုပ်ဝင်းနိုင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် နံနက် ၆ နာရီခွဲခန့်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်နားရွာရှိ အိုက်ယိပျန်း၏ နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးရာ စိတ်ကြွဆေးပြား ၈၀၀ ၊ အိုက်စ်အလေးချိန် ၁ ဒသမ ၇ ဂရမ် ကိုလည်းကောင်း၊ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ၎င်းရွာနေ အိုက်ရီရှန်၏ နေအိမ်ကို ဆက်လက်ရှာဖွေစစ်ဆေးရာ စိတ်ကြွဆေးပြား ၁၅၀၀ ကိုလည်းကောင်း၊ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ၎င်းရွာနေ အိုက်ဆိုင်လုံ၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွဆေးပြား ၆၀၊ အိုက်စ် ၀ ဒသမ ၈ ဂရမ်ကိုလည်းကောင်း တွေ့ရှိခဲ့ပြီး စုစုပေါင်း စိတ်ကြွ ဆေးပြား ၂၃၆၀၊ အိုက်စ် ၂ ဒသမ ၅ ဂရမ်ကို ဖမ်းဆီးရရှိခဲ့သည်။ အဆိုပါ မူးယစ်တရားခံများကို တာချီလိတ်မြို့နယ် ဝမ်ပုံရဲတပ်ဖွဲ့စခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ဝ၆၀)**

## ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်

**ဗန်းမော် ဇွန် ၂၈**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပျံကျဈေးသည်များ၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးက ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပျံကျဈေးသည်များ၏ သားသမီး ၇၈ ဦးအတွက် တန်ဖိုးငွေကျပ် ၂၄၀၀၀၀ရှိ ကျောင်းဝတ်စုံ ၇၈ စုံကို အမှုဆောင်အရာရှိက ကျောင်းသားမိဘများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မိုးစပါးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ လပွတ္တာမြို့နယ်၌ပေးအပ်

**လပွတ္တာ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအား ၂၀၁၂ ခုနှစ် မိုးစပါးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက ရွှေနဒီခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးသိန်းဇော်တို့က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးမြင့်ဆန်းက ဘဏ်ချေးငွေနှင့် ပတ်သက်သောအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ဂန့်အိတ်ကျေးရွာမှ လယ်သမား ၁၄၃ ဦးအား စိုက်ဧက ၁၂၈၂ အတွက် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ငွေကျပ် ၆၄၁သိန်းကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲမြင့်က ပေးအပ်ရာ တောင်သူလယ်သမားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

## ပေါက်ခေါင်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပေါက်ခေါင်း ဇွန် ၂၈**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက် နံနက် ၇ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် စမ်းကလေး ကျေးရွာအနီး ပေါက်ခေါင်း-အောင်လံ ခရိုင်ချင်းဆက်လမ်းဘေးဝဲယာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းဆင့်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသစ်ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

## လိုက်လံရှာဖွေတွေ့ရှိမှုဝမ်းမြောက်ခြင်း

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ (၁၇) ဘဏ်မြောက် မန္တလေးဘဏ်ခွဲအား (၂၅. ၀၆. ၂၀၁၂) နေ့တွင်
အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်
အစဉ်ထာဝရ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ
အောင်ကြီးကုမ္ပဏီများအုပ်စု





# ပုရိသတွေကိုဆွဲဆောင်နိုင်တဲ့ မင်းသမီးကိတ်ဒန်းနင်းစ် ယခုနှစ်အတွင်း ရုပ်ရှင်ကားသစ်နှစ်ကား ရိုက်ကူးရန်စီစဉ်



**လော့စ်အိန်ဂျလိစ် ဇွန် ၂၈**

ပြီးခဲ့တဲ့ ၂၀၁၁ခုနှစ်က ရုံတင်ပြသခဲ့တဲ့ Thor ဇာတ်ကားနဲ့ ကမ္ဘာကျော်ခဲ့တဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး ကိတ်ဒန်းနင်းစ် **(ဝဲပုံ)**ဟာ ၂၀၁၂ ခုနှစ်မကုန်မီ ရုပ်ရှင်ကားသစ်နှစ်ကား ရိုက်ကူးဖို့ ဖောက်စ်ရုပ်ရှင်ကုမ္ပဏီနဲ့ ဆွေးနွေးနေတဲ့အတွက် ဖြစ်ပါတယ်။ ယခုအခါ Renee အမည်ရှိတဲ့ ရုပ်ရှင်ကားသစ်ရိုက်ကူးပြီး ရုံတင်ပြသဖို့အတွက် အသင့်ဖြစ်နေပြီလို့ ဇွန်၂၈ ရက်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ဒါ့အပြင် သူမရဲ့ရုပ်ရှင်ကားသစ်တွေ ဆက်တိုက် ထွက်ရှိလာတော့မှာ ဖြစ်ပါတယ်။

ပုရိသတွေကို ဆွဲဆောင်နိုင်တဲ့ အသက် ၂၆ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး ကိတ်ဒန်းနင်းစ်ဟာ Renee ရုပ်ရှင်ကားမှာ ရန်နေးဟိုဟီအမည်ရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီဇာတ်ကားကို သူမကိုယ်တိုင် ပူးတွဲထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူလုပ်ကိုင်တာဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ လျှို့ဝှက်သည်းဖို ဇာတ်လမ်းဖြစ်တာမို့ ပရိသတ်တွေ ကြိုက်နှစ်သက်မယ့် ရုပ်ရှင်ကားဖြစ်လာမယ်လို့ ရုပ်ရှင်မင်းသမီး ကိတ်ဒန်းနင်းစ်က လော့စ်အိန်ဂျလိစ်မြို့မှာ ဇွန် ၂၇ ရက်က ပြုလုပ်တဲ့ သတင်းထောက်တွေ့ဆုံပွဲမှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ရုပ်ရှင်မင်းသမီ ကိတ်ဒန်းနင်းစ်ရဲ့ Defendor နဲ့ Daydream Nation ဇာတ်ကားတွေဟာလည်း ပရိသတ်ကြိုက်နှစ်သက်တဲ့ ရုပ်ရှင်ကားတွေ ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် အမေရိကန် စီဘီအက်စ် ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်နေတဲ့ 2Broke Girls ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကိုလည်း အမေရိကန်ပရိသတ်တွေက စောင့်ကြည့်အားပေးနေကြတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် American Dad! အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ၂၀၁၁ ခုနှစ်က စီဘီအက်စ် ရုပ်မြင်သံကြားလိုင်းမှာ ထုတ်လွှင့်ပြသခဲ့ရာမှာလည်း အောင်မြင်မှုတွေရရှိခဲ့တာမို့ ရုပ်ရှင်မင်းသမီးကိတ်ဒန်းနင်းစ်ဟာ ရုပ်ရှင်ရော ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာပါ အောင်မြင်နေတဲ့ ရုပ်ရှင်မင်းသမီးတစ်ဦး ဖြစ်ပါတယ်။

**(အင်တာနက်)**

**ကိုသစ္စာ ရေးသည်**

# ပရိသတ်အကြိုက်စတားလုံးဇာတ်ကားသစ်များ အမေရိကန်၌ ရုံတင်ပြသတော့မည်



**ဟောလီဝုဒ် ရုပ်ရှင်မင်းသားကြီးစတားလုံး။**

***လော့စ်အိန်ဂျလိစ် ဇွန် ၂၈***

*ဟောလီဝုဒ်ရုပ်ရှင်မင်းသားကြီးစတားလုံး၏ The Expendables 2 ဇာတ်ကားကို လာမည့် ဩဂုတ် ၁၇ ရက်၌ ရုံတင်ပြသတော့မည်ဖြစ်ကြောင်း ရုပ်ရှင်မင်းသား စတားလုံးက ဇွန် ၂၈ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။*

*အသက် ၆၅ နှစ် အရွယ်ရှိပြီဖြစ်သော စတားလုံးသည် ဟောင်ကောင် ရုပ်ရှင်မင်းသား ဂျက်လီနှင့် အမေရိကန်ရုပ်ရှင်မင်းသားကြီးအာနိုးတို့ကဲ့သို့ တိုက်ခိုက်မှုများပါဝင်သည့် ရုပ်ရှင်ကားများရိုက်ကူးခြင်းထက် စိတ်ဝင်စားဖွယ်ရာ ဒရာမာဇာတ်ကားများ ရိုက်ကူးခြင်းကို ဦးစားပေးရိုက်ကူးလာလျက်ရှိသည်။*

*မကြာမီ ပြသတော့မည့် The Expendables 2 ဇာတ်ကားမှာ ၂၀၁၀ ခုနှစ်က စတားလုံး ပါဝင်သရုပ်ဆောင်ထားသည့် The Expendables ဇာတ်ကား၏ နောက်ဆက်တွဲ ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ The Expendables ဇာတ်ကားကို ၂၀၁၀ ခုနှစ်က ရုံတင်ပြသခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး ဝင်ငွေ အမြောက်အမြား ရရှိခဲ့သည်။*

*The Expendables ဇာတ်ကားနှင့် The Expendables 2 ဇာတ်ကားနှစ်ကားလုံးမှာ စတားလုံးကိုယ်တိုင် ဇာတ်ညွှန်းရေးသားထားခြင်းဖြစ်သည်။ ၎င်းဇာတ်ညွှန်းကိုလည်း စတားလုံးက မူပိုင်ခွင့်ပြုလုပ်ထားသည်။*

*စတားလုံးသည် Bullet to the Head နှင့် The Tomb ဇာတ်ကားများကိုလည်း ဆက်တိုက်ရိုက်ကူးလျက်ရှိရာ ၂၀၁၃ ခုနှစ်တွင် အမေရိကန်နိုင်ငံတစ်ဝန်း၌ ရုံတင်ပြသနိုင်ရန် စီစဉ်လျက်ရှိသည်။*

***(အင်တာနက်)***

## အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား ရန်ကုန်မှ စီမံကိန်းနေရာများသို့ ပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၇-၂၀၁၂ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၇-၂၀၁၂ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**

## အနေကဇာတင် ဖိတ်ကြားအပ်ပါသည်

ပုညသိရီ အောင်ချမ်းသာကျောင်းတွင် ပိဋကတ်**သုံးပုံနှင့် ဗုဒ္ဓရုပ်ပွားတော် လှူဒါန်းထားသော အလှူရှင်များ-**

၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) အနေကဇာတင် ရေစက်ချအမျှပေးဝေမည်ဖြစ်ပါ၍ နံနက် ၇နာရီ ပုညသိရီ အောင်ချမ်းသာကျောင်း၊ ကမာရွတ်ဘူတာရုံလမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်သို့ ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆရာတော် ဦးနာရဒ**
**၀၉- ၇၃၁၁၇၂၇၇**

**မွေးသက္ကရာဇ် အမှန်**

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင် ၁၁ လမ်းနေ မလှမြတ်သူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၁၉၉၀ ဖြစ်ပါသည်။
**မလှမြတ်သူ ၇/ပခန(နိုင်)၃၅၅၈၂၆**

## မှာကြားနိုင်ပါပြီ

- မြန်မာစာအရေးအသားစွမ်းရည် မြင့်မားလာစေရန်။
- မြန်မာ့စံနှုန်းများဖြင့် ဘဝကိုချိန်ထိုးတတ်လာစေရန်။
- နိုင်ငံနှင့်လူမျိုး၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများကို မြတ်နိုးလေးစားတန်ဖိုးထားသည့် လူ့တန်ဖိုးမြင့်စိတ်ထားများ ဖြစ်ထွန်းလာစေရန်။
- မြန်မာ့အဆိုအမိန့်များကို ထိထိရောက်ရောက် လိုက်နာကျင့်သုံးတတ်ပြီး မြန်မာ့အတွေးအခေါ်များကို ကမ္ဘာသို့ ဖြန့်ဝေပေးနိုင်သည့် စွမ်းရည်မြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းလာစေရန်

ရည်မျှော်၍ ရောဝဏ်စာပေတိုက်မှ ထုတ်ဝေသော အောက်ပါစာအုပ်များကို-

၁။ **မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း ရောဝဏ်ရသစာစု** စာအုပ်၊

၂။ **ပထမအကြိမ် ရောဝဏ်ဆုရ မြန်မာစာ စာစီစာကုံးနှင့် ရသစာတမ်းများကို**

မြန်မာ့စာပေ၊ မြန်မာ့စကား၊ မြန်မာ့ရသများကို သိရှိခံစားလိုသော မြန်မာစာချစ်သူအပေါင်းတို့အား **ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန ဖုန်း-၀၁-၅၃၆၀၇၂** သို့ ဆက်သွယ်မှာကြားနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။































ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်သန်း (စစ်ကွင်း)

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အခန်း ၂၊ ဆေးစပ်ကွာတား၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်း၊ လသာမြို့နယ်နေ (ဦးတင်လေး-ဒေါ်စု)တို့၏ သမီး၊ (ဦးကျော်မောင်)၏ဇနီး၊ ဒေါ်သီတာကျော်(ဆေးဝါးကျွမ်းကျင်-၄၊ လက်ထောက်ဆေးရုံအုပ်ရုံးခန်း၊ YGH)၊ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်-ဒေါ်နီနီကျော်(ညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်)၊ ဒေါက်တာထွန်းထွန်းကျော်(ဘိုကလေးမြို့၊ကမာကလူတိုက်နယ်ဆရာဝန်)၊ဦးမင်းမင်းကျော်(5 Network)တို့၏မိခင်၊ ဒုဗိုလ်ထိန်လင်းအောင်(ထားဝယ်)၊ မောင်ခန့်ကျော်(စိုးစံလေ့ကျင့်ရေးစခန်း၊ နေပြည်တော်)တို့၏အဘွားသည် ၂၇-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)ည ၁၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၇- ၂၀၁၂ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်သန်း (စစ်ကွင်း)

**အသက်(၇၉)နှစ်**

ဗိုလ်မှူးကြီးဇော်လွင် (လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး)-ဒေါ်နီနီကျော်(ညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)တို့၏မိခင် ဒေါ်ကျင်သန်း အသက်(၇၉)နှစ်သည် ၂၇-၆-၂၀၁၂ရက် ည ၁၁း၄၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မိသားစုနှင့်**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများ**

## ဒေါ်ခင်မြင့်

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် ၆၄နေ ဦးစိုးဝင်း(စွမ်းအားမြင့် ကားဝပ်ရှော့)၏ဇနီး၊ ဒေါ်ထားထားအိ(ခေတ္တ-စင်ကာပူ)၊ ဦးစောမိုးဇက်ထွန်း-ဒေါ်စုစုလှိုင်၊ ဦးနန္ဒ(ခေတ္တ-ဂျပန်)-ဒေါ်အိဇွန်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့်

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် ၆၄နေ (ဦးစိန်လှိုင်-ဒေါ်ညွန့်မြိုင်)တို့၏ဒုတိယသမီး၊ ဦးခိုင်တင်(ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်ခင်ပြုံးလှိုင်တို့၏ညီမ၊ ဒေါ်ခင်ဆင့်၊ ဒေါ်တင်မြင့်၊ ဦးသိန်းထွန်း၊ (ဦးစိန်ထွန်း)၊ ဒေါ်ခင်ဌေးရီ၊ ဒေါ်ခင်မကြီး၊ ဦးလှဌေး-ဒေါ်ခင်မလေး၊ ဦးလှမင်း-ဒေါ်သီသီလှိုင်တို့၏အစ်မကြီးသည် ၂၇-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်အေးအေးလွင်(ခ) Joan Emily Simoens(nee) Jarvis

**အသက်(၆၄)နှစ်**

မန္တလေးမြို့နေ (ဦးတင်မောင်-ဒေါ်တင်လှ)တို့၏ဒုတိယသမီး၊ ရန်ကုန်မြို့နေ ဦးအုန်းဖေ-(ဒေါ်မြမြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တိုက် ၁၀၊ အခန်း ၉၊ ဝေဠုဝန်အိမ်ရာနေ ဦးခင်မောင်သန်း(မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ငြိမ်း) (Senior Consultant II-Supreme Group of Companies)၏ဇနီး၊ ဒေါ်ကေသွယ်ခိုင်(Australia)၊ ဦးကျော်မြတ်ထွဋ် (Program Manger-Solidarit'es Inter national INGO)-ဒေါ်မိုးမမ၊ မယုဇနလှိုင် (Cabin Crew Supervisor- Asian Wings Airways)တို့၏မိခင်၊ မယွန်းစန္ဒီဖြိုး (Australia)၊မောင်အာကာစိုး (Australia)၊ မောင်ရဲမိုးထွဋ်(အထက-၆၊ အလုံ)တို့၏အဘွားသည် ၂၇-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီက အာရုတော်ဝင်အထူးကုဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့်မြေနီကုန်း Our Lady of Fatima ဘုရားကျောင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းအောင်(တောင်ငူ) (လမင်း သံရောင်းဝယ်ရေး)

**အသက်(၅၄)နှစ်**

မြစ်ကြီးနားမြို့နေ(ဦးဘအေး)-ဒေါ်အုံးသွင်တို့၏သား၊တောင်ငူမြို့နေ ဦးကြည်-ဒေါ်ညိုတို့၏သားသမက်၊ တောင်ငူမြို့၊ ၁၁/၁၀၂၊ ဈေးလမ်းနေ ဒေါ်စိုးစိုး၏ခင်ပွန်း၊ မနွေးမီမီဇင်၊ မောင်နိုင်နိုင်-မထက်ထက်တို့၏ဖခင်၊ မောင်ရဲဝင့်တေဇ၊ မောင်ဟိန်းထက်တေဇ(Grade-7၊ အထက-၂)တို့၏အဘိုးသည် ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်မိသားစု

## ဦးသန်းထွန်း

(မြဝတီဘဏ်)

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊တိုက် ၂၁၈၊ အခန်း ၂၅၊ ရန်ရှင်းလမ်း၊ (၃)ရပ်ကွက်၊ ၁၂လုံးတန်းနေ (ဦးကိုကိုကြီး)-ဒေါ်လှရီတို့၏သား၊ ဒေါ်မြင့်မြင့်စိန်(နယ်စပ်ကုန်သွယ်ရေး၊ နေပြည်တော်)၊ ဒေါ်မြင့်မြင့်သိန်း(မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဦးစောလှဦး-ဒေါ်သဇင်ဦး၊ ဒေါ်တင်တင်လှ၊ ဦးကျော်ဝေ(Uniteam Co., Ltd.)-ဒေါ်တင်တင်ကြူတို့၏မောင်နှင့်ညီ၊ တူလေးယောက်၊ မြေးတစ်ယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင် B.Sc (Maths;)

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၂လမ်း၊ အမှတ် ၁၄ (ခြောက်လွှာ)နေ (ဦးထွန်းရှိန်)-ဒေါ်ငွေကြည်တို့၏သားကြီး၊ (ဦးညွှန့်ဟန်)-ဒေါ်လှိုင်လှိုင်နွယ်တို့၏သားသမက်၊ ဦးယဉ်ထွေး-ဒေါ်ချိုချိုဦး၊ ဦးမြင့်ဆွေ-ဒေါ်မော်မော်ဦးတို့၏မောင်၊ ဦးကျော်နိုင်-ဒေါ်ခင်ထိုက်ထိုက်ထွန်း၊ ဦးဌေးအောင်ရှိန်-ဒေါ်လင်းလင်းသူတို့၏အစ်ကို၊ ဒေါ်မိမိဟန်၏ခင်ပွန်း၊ မောင်ရဲကျော်စွာ၊ မောင်ရတနာဖြိုးရှိန်တို့၏ဖခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၇-၆-၂၀၁၂ ရက် ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမြင့် (ဒါးပိန်)

**အသက်(၈၂)နှစ်**

ဒါးပိန်မြို့နေ (ဦးဘသောင်း-ဒေါ်တင်မြ)တို့၏သမီး၊ ဒါးပိန်မြို့နေ (ဦးဘိုးလှိုင်-ဒေါ်စိုးတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၃၈၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဗိုလ်ကြီးမြင့်အောင်၊ မော်ကွန်းဝင်ပထမဆင့်၊ သီဟဗလ)၏ဇနီး၊ (ဦးထွန်းမြင့်အောင်-ဒေါ်သန်းသန်းမြင့်)၊ ဦးသိန်းမြင့်အောင်(အကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်ခင်ဝင်းမေ(မြို့နယ်သ/မဦးစီးမှူး၊ ကျောက်တံတားမြို့နယ်)၊ ဦးဌေးမြင့်အောင်-ဒေါ်နီနီဝင်း၊ ဦးကြည်လွင်(ခေတ္တ-ဘရူနိုင်း)-ဒေါ်မြင့်မြင့်အေး(လ/ပြ၊ ငြိမ်း)၊ (ဦးကြည်မောင်သိန်း)-ဒေါ်မြင့် မြင့်ဌေး(အမက-၂၊ စမ်းချောင်း)၊ ဦးဝင်းမြင့်အောင်(2/E Leo Shipping)-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးအောင်ကျော်မိုး၊ အကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်ချိုချိုအေး၊ (ဦးမျိုးမြင့်အောင်)-ဒေါ်ခင်သီတာထွန်း၊ ဦးစိုးမြင့်အောင်-ဒေါ်လှလှထွေးတို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၄ယောက်တို့၏အဘွားသည် ၂၈-၆-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက် ၁၁း၁၅နာရီတွင် ဆာကူရာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယကာကြီး

## ဒေါက်တာခင်မောင်အုန်း(ခ) Stanley Kyaw Ohn

**B.D.S (Rgn) 1st Batch, JQE (Jamaica)**

ဒဂုံ(၁)ကျောင်းသားဟောင်း

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ (စက်ရှင်တရားသူကြီး ဦးကျော်အုန်း၊ အမျိုးသားပြတိုက်မှူး-ဒေါ်အုန်း)တို့၏သားကြီး၊ ဦးသန်းဆွေ(ဗိုလ်တထောင်သတင်းစာအယ်ဒီတာ၊ ငြိမ်း)-ဒေါ်ညွှန့်ညွှန့်ဆွေတို့၏တူသား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ (ကျောင်းဆရာကြီး ဦးထွန်းရှင်-ဒေါ်ရွှေပြည့်)တို့၏သားသမက်၊ ဦးနေဝင်း-ဒေါက်တာစန်းနွယ်အုန်း(M.B, B.S၊ လူမှုထူးချွန်အဆင့်-၁)၊ ဒေါက်တာအောင်ကျော်ဦး(B.D.S, 8th Batch,)-ဒေါ်ဝေမွန်ကျော်ဦး၊ ဒေါက်တာဦးကျင်ဝင်း(MRC. Paed, Seaior Lecturer, IMU, Malasia)၊ ဒေါ်မာလာအုန်း၊ ဒေါက်တာဦးဝင်းအောင်(B.D.S, 14th Batch)-ဒေါ်ခင်မေအုန်း (မြပုလဲသွယ်ဆေးခန်း)တို့၏ အစ်ကိုကြီးသည် ၂၇-၆-၂၀၁၂ရက် နံနက် ၇း၅၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယကာကြီး

## ဒေါက်တာခင်မောင်အုန်း(ခ) Stanley Kyaw Ohn

**BD.S (Rgn) 1st Batch, JQE (Jamaica)**

ဒဂုံ(၁)ကျောင်းသားဟောင်း

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၃၄၊ ဌာနာလမ်းနေ [ဦးကျော်အုန်း၊ စက်ရှင်တရားသူကြီး(ငြိမ်း)-ဒေါ်အုန်း၊ အမျိုးသားပြတိုက်မှူး(ငြိမ်း)]တို့၏သားကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ (ဦးထွန်းရှိန်-ဒေါ်ရွှေပြည့်)တို့၏သားသမက်၊ ဒေါ်ရှုရှုကြည်၏ခင်ပွန်း၊ ဦးမျိုးဦး-ဒေါက်တာအေးသီတာအုန်း [M.Med. Sc(OG) ဗဟိုအမျိုးသမီးဆေးရုံကြီး]၊ မခိုင်စန္ဒာအုန်း၊ မောင်မျိုးမင်းကျော်အုန်းတို့၏ဖခင်၊ မောင်ငြိမ်းစည်သူ(နဝမတန်း-E၊ အထက-၁၊ ဒဂုံ)၊ မောင်ကောင်းထက်သူ(တတိယတန်း-B၊ အမက-၁၀၊ ဒဂုံ)တို့၏အဘိုးသည် ၂၇-၆-၂၀၁၂ရက် နံနက် ၇း၅၀နာရီတွင် အာရုတော်ဝင်အထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၂ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်မြခင်

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့နေ (ဦးလှ-ဒေါ်တင်တင်)တို့၏သမီး၊သင်္ဃန်းကျွန်းမြို့နယ်၊ဝေဇယန္တာအိမ်ရာ၊ ဧ/တောင်ရပ်ကွက်၊ တိုက် ၁၊ အခန်း ၁၀၈နေ (ဦးတင်လေး)၏ဇနီး၊ ဒေါ်နွဲ့နွဲ့တင်(လဝက၊ ငြိမ်း)၊ ဦးမြင့်နိုင်-ဒေါ်သီသီတင်(လ/ထညွှန်မှူး၊ မွေး/ရေ ညွှန်ကြားမှုဦးစီးဌာန)၊ ဦးသောင်းအေး (Asian Wings Airway Ltd.)-ဒေါ်ရီရီတင်(အထက-၆၊ ဗိုလ်တထောင်)၊ ဒေါက်တာစိုးပိုင်-ဒေါ်ချိုချိုတင်၊ ဦးဝေလီမင်း(E/E Monsoon)-ဒေါ်ညိုညိုတင် (ဦးစီးအရာရှိ၊ မွေး/ရေ ညွှန်ကြားမှုဦးစီးဌာန)တို့၏မိခင်၊ ဒေါ်သဲညွှာပိုင်(လ/ထမန်နေဂျာ၊မြန်မာ့သစ်လုပ်ငန်း)၊မောင်ပြည့်စိုးပိုင်(Ranhkamhaeng University) တို့၏အဘွားသည် ၂၈-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၇-၂၀၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မေသူဇာ

**(Traders Hotel)**

**အသက်(၄၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၅နေ ဦးအောင်မြင့် - ဒေါ်စိန်စိန်တို့၏သမီး၊ ဦးတင်ထွန်း-ဒေါ်သန်းသန်းစိန်၊ ဦးသန်းထွန်း-ဒေါ်နန်းဝင်းဌေး၊ဒေါ်သီဂီဝင်းတို့၏ညီမ၊ ဦးမြတ်လွင်၏ဇနီးသည် ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၂ရက် (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ဝိုင်းစိန် (ပခုက္ကူမြို့)

**အသက်(၆၃)နှစ်**

ပခုက္ကူမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ် (င-၈၇)၊ ခတ္တာလမ်းနေ ဦးအောင်သီ (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ငြိမ်း)၏ဇနီး၊ ဦးထွန်းနိုင်(လ/ထညွှန်မှူး၊ စီးပွား/ကူးသန်း)-ဒေါ်မိုးမိုးဆွေ၊ ဦးယုမော်(ခရိုင်လျှပ်စစ်အင်ဂျင်နီယာ)-ဒေါ်စိုးစိုးသန်း(စာရင်း-၃၊ လျှပ်စစ်)၊ ဦးတက်ထွဋ်အောင်(လ/ထညွှန်မှူး၊ ပြည်တွင်းအခွန်)-ဒေါ်ခင်တိုးတိုးစိန်(SAT)၊ ဒေါ်အေးအေးသီ(ပြည်တွင်းအခွန်)၊ဦးသီအောင်ဝင်း(ခေတ္တ-စင်ကာပူ)တို့၏မိခင်ကြီး၊ မအင်ကြင်းမိုး(အထက-၁၊ လမ်းမတော်)၊ မောင်ဟိန်းထွဋ်အောင်(ထခွဲ၊ အလက-၂၊ ပခုက္ကူ)၊ မောင်အောင်ခန့်မော်၊မောင်လင်းဘုန်းနေခန့်(ပိစိ)တို့၏ဘွားဘွားကြီးသည် ၂၇-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၂ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ပခုက္ကူမြို့ စက်မှုဇုန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းစန်းအေး

(ထောက်ကြန့်မြို့)

(ဆုံစည်းရာစားသောက်ဆိုင်)

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ စိတ္တလမ်း(II)နေ ဦးထွန်းရင်-ဒေါ်မြမေတို့၏သမီး၊ (ဦးရဲမောင်)၏ဇနီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နေ ဦးဝင်းမြင့်-ဒေါ်ထွန်းထွန်းသွယ်၊ ဦးလေးလွင်-ဒေါ်သွယ်လေး၊ ဒေါ်သီတာထွန်းတို့၏အစ်မကြီး၊ ဒုရဲအုပ်မျိုးသန့်လွင်-မဇာ၊ ဗိုလ်မှူးနေယုအောင်-မသဲသဲ၊ ကိုမောင်မောင်-မချမ်းမြေ့၊ ဗိုလ်ဝေယံဦး-မစုပုံတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၈-၆-၂၀၁၂ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရောင်လမ်း သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြမောင် (မုံရွာ)

**အသက်(၉၅)နှစ်**

မုံရွာမြို့၊ အေးသာယာရပ်၊ ညောင်တပင်လမ်း၊ အမှတ် ၅/၆၄နေ ဒေါ်ချစ်စိန်၏ခင်ပွန်း၊ ဦးသောင်းဌေး(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ ပဆင)-ဒေါ်ဥမ္မာကြည်၊ ဦးသောင်းဝင်း-ဒေါ်ရွှေရွှေတို့၏ဖခင်၊မြေးခုနစ်ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၁၂ရက် မွန်းလွဲ ၂း၁၅ နာရီတွင် မုံရွာမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ ရက် နံနက် ၁၀း၃၀နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးညွန့်လှိုင် (Raphael)

**လ/ထဘဏ္ဍာရေးမှူး(ငြိမ်း)E.P.C**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အမှတ် ၂၂၊ သမ္မာဒိဋ္ဌိလမ်းနေ (ဦးသိမ်း-ဒေါ်ရွှေသင်)တို့၏သား၊ (ဒေါ်ပု)၏ခင်ပွန်း၊ ဒေါ်တင်ရီ(အမက-၉၊ တာမွေ၊ ငြိမ်း)၊ ဒေါ်ဝင်းရီ၊ ဦးအေးလွင်၊ ဦးဌေးဝင်း (Instructor, Unique Marine)၊ဒေါ်ရီရီလှိုင်၊ဦးကျော်ထင်-ဒေါ်နီလာရွှေ၊ ဦးဝင်းရှိန်(Uniteam Shipping) - ဒေါ်တင်တင်အေးတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၀း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၃၀-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ညိုညို (မော်ဘီမြို့)

**အသက်(၇၅)နှစ်**

တောင်ငူမြို့နေ (ဦးမောင်တင်-ဒေါ်ဝွမ်းခြုံ)တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်တင်ရွှေ)၊ (ဦးချို)-ဒေါ်တင်မြင့်တို့၏ညီမ၊ (ဦးထွန်းသိန်း)-ဒေါ်မြမြသန်း၊ ဦးသန်းစိုး-(ဒေါ်ခင်တင့်)၊ဗိုလ်ကြီးတင်ဦး(ငြိမ်း)-ဒေါ်မြစိမ်းတို့၏အစ်မ၊ ရွှေပေါက်ကံမြို့နေ (ဦးထွန်းမြင့်ဦး)-ဒေါ်စန်းစန်းဝေ၊ (ဒုဗိုလ်ထွန်းမြင့်အောင်)(တေဇ-၁၃)၊ ဦးစောနိုင်-ဒေါ်ဌေးဌေးမြင့် (မြန်မာ့ဆန်စပါးသုတေသနဌာန၊ မော်ဘီ)၊ ကျောင်းကုန်းမြို့နေ ဦးအောင်မြင့်-ဒေါ်သန္တာဦးတို့၏မိခင်၊မြေးငါးယောက်တို့၏အဘွား၊ဦးမြင့်ဆွေ(တပ်မတော်-လေ၊ငြိမ်း)၏ဇနီးသည် ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၁၀နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့) ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးသိန်းလှိုင်

**လ/ထကြီးကြပ်ရေးမှူး**

**မြို့တော်စည်ပင်(ရေသန့်ဌာန)မင်္ဂလာဈေး**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း ၁၄၀၊ အမှတ် ၂၁ (ခြောက်လွှာ)နေ(ဦးစိမ်းမောင်-ဒေါ်တင်ညွန့်)တို့၏သား၊(ဦးစိန်အောင်-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ဒေါ်ဆွေဆွေဦး၏ခင်ပွန်း၊ မောင်ဝင်းမြတ်ဦး၊ မတင်မိုးလှိုင်၊ မယုယုလှိုင် (မင်္ဂလာတောင်ညွန့်ရေသန့်ဌာန)၊ မောင်ဝင်းလှိုင်ထွန်း၏ဖခင်သည် ၂၇-၆-၂၀၁၂ရက် ညနေ ၆း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မောင်စံမင်းထွန်း (B.A)

**နယ်လှည့်စာရင်းစစ်ရုံး(အမ်း)**

**အသက်(၂၇)နှစ်**

ကျိုင်းတုံမြို့နေ ဦးဆန်နီ (ကကငွေ၊ ငြိမ်း)-ဒေါ်ခင်သန်းဦးတို့၏သား၊(ဦးမောင်လှ)-ဒေါ်ချိုချိုတို့၏သားသမက်၊ မအေးအေးနိုင်၏ခင်ပွန်း၊ဒေါ်ရွှေလဲ့ဝင်း(တစက)၊ ဒေါ်ခင်ဆွေလဲ့(တစက)၊ ဦးစိုးနိုင်အောင်(နစ-နေပြည်တော်)-ဒေါ်ဖြိုးဖြိုးအောင်၊ ဦးဇင်မင်းသန့်(ရမခ-ငွေ)-ဒေါ်မင်းမင်းစိုး(နပတ-ငွေ)၊ မောင်အောင်ထွန်းထွန်း-မအိလေးချိုတို့၏မောင်၊ မောင်ရန်နိုင်ထွန်း၏အစ်ကိုသည် ၂၃-၆-၂၀၁၂ရက် (စနေနေ့) နံနက် ၅း၀၅နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၂ရက် (သောကြာနေ့) နံနက်တွင် နယ်လှည့်စာရင်းစစ်ရုံး(အမ်း) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စိမ်းညို (ဟင်္သာတ)

**အသက်(၉၅)နှစ်**

မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်း-ဒေါ်မာလာတို့၏မိခင်ကြီး ဒေါ်စိမ်းညို အသက်(၉၅)နှစ်သည် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့်ဇနီး ဒေါ်ရီရီဝင်း**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စိမ်းညို (ဟင်္သာတ)

**အသက်(၉၅)နှစ်**

မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်း-ဒေါ်မာလာတို့၏မိခင်ကြီး ဒေါ်စိမ်းညို အသက်(၉၅)နှစ်သည် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**အကောက်ခွန်ဦးစီးဌာနနှင့် ဝန်ထမ်းမိသားစုများ**

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သောင်းကြည် (ကဝမြို့)

**အသက်(၈၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့၊ စက်ပိုင်းရပ်နေ(ဦးဖိုးကြူး-ဒေါ်ဖွားရင်)တို့၏သမီး၊(ဦးဘကျော်-ဒေါ်သိန်းရင်)တို့၏သမီးချွေးမ၊ ဦးကြည်၊ ဦးညီ၊ ဒေါ်အေးတင်၊ ဒေါ်အေးခင်၊ ဒေါ်အေးရှင်၊ ဦးအုံးတို့၏ညီမ၊ အမှတ် ၂၄၃၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးစိန်လှိုင်)၏ဇနီး၊ ဦးကြည်လှ(ဦးစီးအရာရှိ၊ ကျန်းမာရေးဓာတ်ခွဲ)-ဒေါ်ခင်ထွေး၊ ဦးစန်းမောင်-ဒေါ်ခင်ဝင်းမာ၊ ဦးအောင်မင်းစိန်(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာ/အုံ)-ဒေါ်သန်းသန်းအေး၊ ဒေါ်ဝင်းဝင်းသန်း၊ ဦးထွန်းအောင်-ဒေါ်သက်သက်မာတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၈-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ရွှေဗဟိုရ်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ရက် (စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးခင်မောင်စိုး (သံတွဲ)

**အသက်(၇၂)နှစ်**

သံတွဲမြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးမောင်ကလေး-ဒေါ်ငွေ)တို့၏သားလတ်၊ တောင်ကုတ်မြို့နေ (ဦးဖိုးမျှင်-ဒေါ်မအုန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ အမှတ် ၂၀၆ (ပထမထပ်)နေ ဒေါ်ခင်ခင်မြ၏ခင်ပွန်း၊ ဒေါ်ဥမ္မာစိုး(ပြည်တွင်းအခွန်များဦးစီးဌာန)-ဗိုလ်ကြီးသိန်းထိုက်၊ ဦးအောင်စိုးလင်း၊ ဦးအောင်စိုးမင်း-ဒေါ်ခင်နှင်းအေး၊ ဒေါ်သန္တာစိုး-ဦးထွန်းထွန်းနိုင်၊ ဦးအောင်စိုးဝင်း-ဒေါ်ခင်ပိုပိုမြင့်(ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၈-၆-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြတ်ကျော်နိုင်(ခ)ဦးကျော်လေး

**အသက်(၄၄)နှစ်**

(ဦးမြသိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းရုံး၊ ငြိမ်း)-ဒေါ်ရီရီသိန်းတို့၏သား၊ ဦးဖျန်ဟုတ်-ဒေါ်မြသီတို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဇီဇဝါအိမ်ရာ၊ တိုက် ၇၊ အခန်း ၇(ညာ)နေ ဒေါ်အေးအေးခိုင်၏ခင်ပွန်း၊ မောင်လင်းထက်ဝေယံ(SEC IV၊ စင်ကာပူ)၊ မောင်မင်းခန့်ကျော်(SEC I၊ ILBC)တို့၏ဖခင်၊ ဦးသိန်းဒန်ဦး-ဒေါ်ခင်စန္ဒာလွင်(ရွှေစင်ထွန်းပုံနှိပ်တိုက်)တို့၏ညီ၊ ဒေါ်မြသီတာသိန်း(စင်ကာပူ)၏မောင်၊ ဦးထိုက်တန်အောင်-ဒေါ်ကြည်ကြည်မာ၊ မဟေမာန်ဖူး(Diploma in Fashion Design, West London Collage London UK)တို့၏အစ်ကို၊ ဒေါက်တာမင်းဇေယျာဦး(အလုပ်သင်ဆရာဝန်)-မစန်းစန်းတင့်၊ ရှုပါခင်ဦး[3rd MB, IM(I)]၊ မကျေးရှင်းဟေသီ၊ မမိုးရတနာ၊ မောင်သာထက်နိုင်တို့၏ဦးလေး၊ဘကြီးသည် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁း၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၆-၂၀၁၂ထုတ် ဤသတင်းစာ စာမျက်နှာ ၁၉ပါ ဦးမြတ်ကျော်နိုင်(ခ) ဦးကျော်လေး အသက်(၄၄)နှစ် နာရေးကြော်ငြာတွင် (ဦးမြသိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းရုံး၊ ငြိမ်း)-ဒေါ်ရီရီသိန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

## ဗိုလ်မှူးလှထွန်း (ငြိမ်း)

**ကြည်း/၉၇၉၉၊ O.T.S (29)**

**(ရွှေထွန်းဆောက်လုပ်ရေး)**

**အသက်(၇၄)နှစ်**

ဝါးခယ်မမြို့နေ(ဦးဘစံ-ဒေါ်ထွားစိန်)တို့၏သား၊ (ဦးဘရင်-ဒေါ်စိန်ယုံ)တို့၏သားသမက်၊ (ဒေါ်ချိုချို)၏ခင်ပွန်း၊ ဒေါ်အေးအေးထွန်း-ဦးစောစံရွှေ(M.D.M)၊ ဒေါ်နီနီထွန်း-ဦးမိုးငြိမ်း(E/O Uniteam Co., Ltd.)၊ ဒေါ်စုစုလတ်ထွန်း-ဦးမြတ်မိုးဦး၊ ဒေါ်ခိုင်သစ္စာထွန်း - ဦးမြင့်ဌေး (Toyota Tsusho Corp,Ygn Branch)တို့၏ဖခင်၊ မနေခြည်နွေး (ME-IT) ပထမနှစ်၊ YTU၊ မယဉ်မင်းဦး၊ မချစ်မြတ်နိုး၊မောင်ဝေယံမင်းခန့်၊မလင်းလက်ကြည်စင်၊ မောင်ဆက်ပိုင်ဦး၊ မောင်ဇွဲရှင်းသန့်ထွန်း၊ မောင်သက်ထူးစံ၊ မောင်ခန့်စည်သူအောင်တို့၏အဘိုးသည် တာမွေမြို့နယ်၊ ၁၅၄လမ်း၊ တော်ဝင်မင်္ဂလာအိမ်ရာ၊ တိုက် ၈၊ အခန်း ၀၀၃နေ ဗိုလ်မှူးလှထွန်း(ငြိမ်း)သည် ၂၇-၆-၂၀၁၂ရက် နံနက် ၃နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒုအရာခံဗိုလ် ကျော်သန်း(ငြိမ်း) (ရေ)

**(စာရေးဆရာနတ်မောက်ကြိုင်သင်း)**

**အသက်(၇၈)နှစ်**

နတ်မောက်မြို့၊ အောင်ဆန်းရပ်နေ ဦးအောင်လှိုင်-ဒေါ်သိန်းရီတို့၏သားကြီး၊ အမှတ်၁၇၊ မာန်ပြေ ၁၇လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်သန်းနှစ်၏ခင်ပွန်း၊ နတ်မောက်မြို့နေ (ဦးစိန်ထွန်း)၊ ဦးစိုးမြင့်၊ (ဦးစိုးတင့်)တို့၏အစ်ကိုကြီး၊ ဦးအောင်မြင့်လွင် (HNN Marine Resources Pte., Ltd.)-ဒေါ်တင်တင်လှ(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်စန်းယုမော် (ဌာနခွဲစာရေးကြီး၊ M.F.S.L)၊ဦးနိုင်ဝင်း(ခေတ္တ-ကိုရီးယား)-ဒေါ်ဝင်းဝင်းမော်၊ ဦးလှဖုန်း-ဒေါ်သိန်းသိန်းမြင့်၊ တပ်ကြပ်ကြီးလှပြုံး(ရေ)-ဒေါ်တင်မာဝင်း၊ ဒေါ်သက်သက်မော်တို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။**

**R. 488**

29-6 (19).pmd 1 6/29/2012, 1:56 AM

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးစစ်သည်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**လက်ခံတွေ့ဆုံ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးစစ်သည်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စကုမာရဆွာမိအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



**နေပြည်တော် ဇွန် ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးစစ်သည်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စကုမာရဆွာမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် ပါဝင်ရမည့် အခန်းကဏ္ဍနှင့် အရေးကြီးမှု၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ လွှတ်တော်အပေါ် သဘောထားရှိမှုများ၊ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သောအချက်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့၌ စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများဖိုရမ်ကျင်းပ

## စွမ်းအင်၊ စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၏ စတုတ္ထအကြိမ် စီးပွားရေးစင်္ကြံများဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် မဟာမဲခေါင် ဒေသတွင်းနိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံမှ ဝန်ကြီးများ၊ တရုတ်နိုင်ငံမှ လက်ထောက်ဝန်ကြီး၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Stephen Groff နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Stephen Groff တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အဆိုပါဖိုရမ်ကို ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်သစ် (၂၀၁၂-၂၀၂၂)အကောင်အထည်ဖော်ရေးဆီသို့-ဂျီအမ်အက်စ်စီးပွားရေးစင်္ကြံများ ပိုမိုနက်ရှိုင်းကျယ်ပြန့်စေရန်ခြဲ့ထွင်ရေး ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ယင်းဖိုရမ်တွင် မဲခေါင်ဒေသခွဲ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ မဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းမများတွင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေး၊ မြို့ပြဖွံ့ဖြိုးတည်ဆောက်ရေး၊ ပြောင်းရွှေ့နေထိုင်မှုနှင့် မဲခေါင်ဒေသခွဲအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍများတွင် ဦးစားပေး ရင်းနှီးမြှုပ်နှံရေး၊ မဲခေါင်ဒေသခွဲဆိုင်ရာ မဟာဗျူဟာ မူဘောင်သစ်၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင်နှင့် စီးပွားရေးစင်္ကြံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဟူ၍ အပိုင်းငါးပိုင်း ခွဲခြားဆွေးနွေးခဲ့ကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံ၍ မဟာမဲခေါင်ဒေသတွင်းစင်္ကြံများအနက် မြန်မာနိုင်ငံအတွင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**





**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၏ စတုတ္ထအကြိမ် စီးပွားရေးစင်္ကြံများဖိုရမ်တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက်

## အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဇွန် ၂၈**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံ ပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် *စာမျက်နှာ ၇ ကော်လံ ၁* ▲



**ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် အလှူရှင်များက အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြစဉ်။** (သတင်းစဉ်)

# အဆိပ်ငွေ့ထုတ်လွှတ်သည့် သတ္တဝါမျိုးစိတ် ကလေးမြို့၌တွေ့ရှိ

**သတင်းမှတ်စုနှင့် ဓာတ်ပုံ - မင်းမင်းဇော်(ကလေး)**

**ကလေး ဇွန် ၂၈**

ကမ္ဘာ့သတင်းဌာနများ၊ သုတေသီများသည် ကမ္ဘာ့နေရာဒေသအသီးသီးမှ လူကိုအကျိုးပြုစေတတ်သော၊ လူကိုအန္တရာယ်ရှိစေနိုင်သော သတ္တဝါများ၊ ရှားပါးမျိုးစိတ်သတ္တဝါများအားရှာဖွေခြင်း၊သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်လျက်ရှိသည်။



**အဆိပ်ငွေ့ထုတ်လွှတ်သည့် သတ္တဝါမျိုးစိတ်ကို တွေ့ရစဉ်။**

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သတ္တဝါ၏ *စာမျက်နှာ ၈ ကော်လံ ၁* ❍